# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# နဝမပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | လူနေရပ်ကွက်၊ ကျေးရွာများအတွင်း ဆောက်လုပ်ထားသော ဆက်သွယ်ရေးတာတိုင်များ၏ ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ စစ်ဆေးရေး အစီအစဉ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၄ |
| ၆ | တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းမကြီးကိုဖြတ်၍ မင်္ဂလာဈေးသို့ ရောက်ရှိသော မူလခရီးစဉ် အတိုင်း လိုင်းတစ်လိုင်း သို့မဟုတ် မေတ္တာလမ်းမမှ မင်္ဂလာဈေးသို့ရောက်ရှိသော လိုင်းတစ်လိုင်း လိုအပ်လျက်ရှိနေပါသဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်ရာတွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ရေဖြူကန်ကျေးရွာမှ ကျောက်ဆိပ် ကျေးရွာလမ်းပိုင်းပေါ်ရှိ ပျက်စီးသွားသော မြို့ပေါ်လယ်သမား ၂၈ ဦးတို့၏ လယ်မြေ ၅၁ ဧကခန့် အတွက် လျော်ကြေးငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ ဖမ်းဆီးရရှိသော သက်သေခံ ပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ယာဉ်များနှင့် သစ်တောထွက်ပစ္စည်းများအား အရည်အသွေးမပျက်စီးမီ အမြန်ဆုံး လေလံတင်ရောင်းချရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | ဟိုပန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေး ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ပေးရန်နှင့် ဘဏ်နှင့်ဘဏ်ဝန်ထမ်းများ လုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၀ | မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ထား သည့်မြို့နယ်များတွင် နေထိုင်လျက်ရှိကြသော အငြိမ်းစားဝန်ထမ်းများအား လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကဲ့သို့ ဒေသစရိတ် | ၂၀ |

ခံစားခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၂၀၁၇ ခုနှစ်၊မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၅

၁၂ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်က မတူကွဲပြားသော လုပ်ငန်းသဘာဝရှိကြသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများအား သဘာဝအားဖြင့် တူညီသောလုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနှင့် ဆီလျော်သော ပြုပြင်ပြောင်းလဲရေးမူဝါဒများချမှတ်ပြီး အားလုံးကို လွှမ်းခြုံနိုင်သည့်နိုင်ငံပိုင်လုပ်ငန်း ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မဟာဗျူဟာ တစ်ရပ်ချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၃၂

၁၃ ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း ၃၉

၁၄ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း ၄၆

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားကြောင်းနှင့်အစည်းအဝေး(၁၅)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၇

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## (၁၄) ရက်မြောက်နေ့ အစီအစဉ်

## [ ၃၁–၈–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **လူနေရပ်ကွက်၊ ကျေးရွာများ အတွင်း ဆောက်လုပ်ထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ စစ်ဆေးရေးအစီအစဉ်များ ဆောင်ရွက် ထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်၊ မေတ္တာလမ်းမကြီးကိုဖြတ်၍ မင်္ဂလာဈေးသို့ ရောက်ရှိသော မူလခရီးစဉ်အတိုင်း လိုင်းတစ်လိုင်း (သို့မဟုတ်) မေတ္တာလမ်းမမှ မင်္ဂလာဈေးသို့ ရောက်ရှိသော လိုင်းတစ်လိုင်း လိုအပ်လျက်ရှိနေပါ သဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **စစ်တွေ– မင်းဘူး ရထားလမ်းဖောက်လုပ်ရာတွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ရေဖြူကန် ကျေးရွာမှ ကျောက်ဆိပ်ကျေးရွာလမ်းပိုင်းပေါ်ရှိ ပျက်စီးသွားသော မြို့ပေါ်လယ်သမား ၂၈ ဦး တို့၏လယ်မြေ ၅၁ ဧကခန့်အတွက် လျော်ကြေးငွေများကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **တရားမဝင်ရောင်းဝယ် ဖောက်ကားရာမှ ဖမ်းဆီးရရှိသော သက်သေခံပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ယာဉ်များနှင့် သစ်တောထွက်ပစ္စည်းအား အရည်အသွေး မပျက်စီးမီ အမြန်ဆုံးလေလံတင်ရောင်းချရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျင်ဝမ်း၊ ဟိုပန် မဲဆန္ဒနယ်၏ **ဟိုပန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆင့်သို့ တိုးမြှင့်ပေးရန်နှင့် ဘဏ်နှင့်ဘဏ်ဝန်ထမ်းများ လုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်း လုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်နု (ခ)၊ ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ အတွင်းရှိ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်လျက်ရှိကြသော အငြိမ်းစားဝန်ထမ်းများအား လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများကဲ့သို့ ဒေသစရိတ် ခံစားခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်က **"မတူကွဲပြားသောလုပ်ငန်းသဘာဝရှိကြသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများအား သဘာဝအားဖြင့် တူညီသောလုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနှင့် ဆီလျော်သော ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်ပြီး အားလုံးကို လွှမ်းခြုံနိုင်သည့် နိုင်ငံပိုင်လုပ်ငန်း ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မဟာဗျူဟာတစ်ရပ်ချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်က **"နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၁၄)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
### (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)
### (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၅၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၅၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်းနှင်သစ် ခွင့် ၁ ရက်၊
(၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊
(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊
(၅) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၁ ရက်၊
(၆) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၁ ရက်၊
(၇) စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ခွင့် ၁ ရက်၊
(၈) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊
(၉) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၁၀) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊
(၁၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊
(၁၂) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၁၃) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၁၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၅) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် ခွင့် ၁ ရက်၊
(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊
(၁၇) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊
(၁၈) မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၁ ရက်၊
(၁၉) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

မူကြမ်း

(၂၀) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၂၁) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊
(၂၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၂၃) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊
(၂၄) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၂၅) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊
(၂၆) ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ခွင့် ၁ ရက်၊
(၂၇) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၂၉) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊
(၃၀) မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် ခွင့် ၁ ရက်၊
(၃၁) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊
(၃၂) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊
(၃၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊
(၃၄) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၃၅) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၃၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကို ခွင့် ၁ ရက်၊
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇင် ခွင့် ၁ ရက်၊
(၃၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ထွန်း ခွင့် ၁ ရက်၊
(၃၉) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၁ ရက်၊
(၄၀) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊
(၄၁) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်နှင့်
(၄၂) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ခွင့်ပြု ထားသူ ၄၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု

အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

**လူနေရပ်ကွက်၊ ကျေးရွာများအတွင်း ဆောက်လုပ်ထားသော ဆက်သွယ်ရေးတာတိုင်များ၏ ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ စစ်ဆေးရေးအစီအစဉ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတဲ့မေးခွန်းကတော့ လူနေရပ်ကွက်များ၊ ကျေးရွာများအတွင်းမှာ ဆောက်လုပ်ထားသော ဆက်သွယ်ရေးတာဝါတိုင်များပြိုလဲခြင်း၊ ကျိုးပျက်ခြင်းများမရှိရလေအောင် ကြံ့ခိုင်မှုစစ်ဆေးရေးအစီအစဉ်များ ရှိ/မရှိ။ ပြည်သူလူထုကို နားလည်အောင် ရှင်းပြပေးစေလိုသောကြောင့် ဖြေကြားပေးပါရန် မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်တွေကို ယခင်က မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတစ်ခုတည်းကသာ ပိုင်ဆိုင်ခဲ့သော်လည်းပဲ ယခုအခါမှာ Telenor နောက် Ooredoo, Mytel စသည့် ကုမ္ပဏီကြီးလေးခုရှိကြပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ တာဝါတိုင်များဟာ အရေအတွက် ၇၀၀၀ ကျော်ပြီလို့ ကျွန်တော်တို့ ကြားသိဖတ်ရှုရပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင်တဲ့ တာဝါတိုင် ၃၀၀၀ ခန့်ဟာ ဆက်သွယ်ရေးကဏ္ဍမဖွံ့ဖြိုးမီက ဆောက်လုပ်ခဲ့တဲ့တာဝါတိုင်များ အဟောင်းများ ဖြစ်ကြောင်းလည်း သိရပါတယ်။ ၂၀၁၄ ခုနှစ်နောက်ပိုင်း ဆက်သွယ်ရေးကဏ္ဍဟာပြိုင်ဆိုင်မှုအသွင် ဆောင်လာခဲ့ပြီးတဲ့နောက် ဆောက်လုပ်ထားတဲ့တာဝါတိုင်များဟာ ကျွန်တော်တို့ ခေတ်သစ်တိုက်များလို့ ဆိုရမှာပါ။ ဆက်သွယ်ရေးတာဝါတိုင်တွေဟာ မိုဘိုင်းဖုန်းအသုံးပြုမှုများလေလေ၊ ဆက်သွယ်ရေး တာဝါတိုင်များလေလေဖြစ်ပါတယ်။ လူနေထူထပ်ပြီး ဆက်သွယ်မှုများပြားတဲ့နေရာတွေမှာ တည်ဆောက်ထားရတာဖြစ်တဲ့အတွက်ကြောင့် လူမှုကွန်ရက်တစ်ခုဖြစ်ပါတယ်။ ဆက်သွယ်ရေး တာဝါတိုင်တည်ဆောက်ရာမှာ တိုင်များရဲ့လေတိုက်ခံနိုင်မှုအားကို လူထုသိအောင် ထုတ်ပြန်ကြေညာထားခြင်းမရှိဘူးရယ်လို့လည်း ကျွန်တော်တို့ ထင်မြင်ယူဆရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ တစ်နာရီကို မိုင် ၁၂၀ ထိအောင် ခံနိုင်ရည်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှာ မိုင်

၁၄၀ ထိအောင် ခံနိုင်ရည်ရှိကြောင်း၊ ကချင်၊ ကရင်၊ မကွေး စတဲ့ဒေသတွေမှာ တစ်နာရီ မိုင် ၈၀ အထိ ခံနိုင်ရည်ရှိကြောင်း ကုမ္ပဏီများကတော့ ထုတ်ပြန်ကြေညာထားတယ်လို့ဆိုပါတယ်။ သို့သော်လည်းပဲ တာဝါတိုင်မြင့်လေလေ လေတိုက်နှုန်းခံရလေလေဖြစ်ပါတယ်။ ပုံမှန်အားဖြင့် GSM တာဝါတိုင်များ၌ တပ်ဆင်ထားတဲ့စက်ပစ္စည်းများဟာ လေတိုက်နှုန်းကို ခံနိုင်ရည်ရှိသော်လည်း မိုက်ခရိုဝေ့ကဲ့သို့ စလောင်းကြီးများတပ်ဆင်ထားတဲ့ တာဝါတိုင်များဟာ လေတိုက်နှုန်းကို ပိုမိုခံရပြီး စလောင်းကြီးများရဲ့ အလေးချိန် လေတိုက်ရာဘက်ကို မျက်နှာမူထားမိပါက လေပြင်းတိုက်ရင်ဆွဲလဲသလို တာဝါတိုင်များ ကျိုးပျက်သွားနိုင်ပါတယ်။ တာဝါတိုင်များရဲ့သံအရည်အသွေးကလည်း တာဝါတိုင်များရဲ့ကြံ့ခိုင်မှု အတွက် ပိုအရေးကြီးပါတယ်။ သူတို့ရဲ့အောက်ခြေ Foundation တွေ ဘယ်လောက်ပဲနက်အောင် တူးထားသော်လည်းပဲ တာဝါတိုင်များဟာ ရာသီဥတုဒဏ်ကို နှစ်ပေါင်းများစွာခံလာရရင် မူလီချောင်း ချောင်ခြင်း၊ ဆွေးမြည့်ခြင်းတွေဖြစ်လာပြီး မပြိုလဲသော်လည်း ပြတ်ကျခြင်း၊ ပြုတ်ကျခြင်းများ ဖြစ်နိုင် ပါတယ်။ လေပြင်းတိုက်ခတ်မှုကြောင့် တာဝါတိုင်များပြိုလဲခဲ့တာ သမိုင်းရှိပါတယ်။ ၂၀၁၀ ပြည့်နှစ် ကျော်များက ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့မှာ ဖြစ်ခဲ့ဖူးပါတယ်။ အခုနှစ် နှစ်ဆန်းပိုင်းမှာလည်းပဲ ၂၀၁၈ ခုနှစ် ဧပြီလမှာ စလင်းမြို့မှာလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မှာလည်းကောင်း၊ မေလ ၉ ရက်နေ့မှာ ကောလင်းမြို့မှာလည်းကောင်း ကျိုးကျခဲ့တဲ့သတင်းတွေ ကျွန်တော်တို့ ကြားရပါတယ်။ မြောက်ဥက္ကလာပမြို့နယ်မှာဖြစ်ခဲ့တဲ့ တာဝါတိုင်ဟာ ဘာမှမကြာလှသေး ဘဲ ၁၀ နှစ်အောက်သက်တမ်းသာရှိကြောင်း သိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သက်တမ်းဘယ်လောက်ထိအောင် ကြာရှည်ခံနိုင်သည်ဟု ဆိုထားသော်လည်းပဲ မည်သည့်အရာမှစိတ်မချရဘူးဆိုတာ အခုတလော ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေက သတိထားစရာပါ။ မြောင်းမြကြိုးတံတားလည်း ကျိုးကျခဲ့ပါတယ်။ ဆွာရေလှောင်တမံလည်း ကျိုးပေါက်ခဲ့ပါတယ်။ နောက်ဆက်တွဲအားဖြင့် ဆွာချောင်းတာတမံမကျိုး သော်လည်း၊ ဆွာချောင်းတံတားမကျိုးသော်လည်း နိမ့်ကျသွားခဲ့ပါတယ်။ ၁၀ နှစ်ကျော်သက်တမ်းပဲ ရှိပါသေးတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ယနေ့ ရာသီဥတုဖောက်ပြန်မှုတွေ ရှိနေတာကြောင့် ဘယ်အရာကိုမှ စိတ်မချရပါဘူး။ ဒါကြောင့် ဒီလို သတင်းဆိုးများ မကြားရလေအောင် မြန်မာပြည် တစ်ဝန်း လူနေရပ်ကွက်အတွင်းမှာရှိနေတဲ့ ဆက်သွယ်ရေးတိုင်များ မကျိုးရ၊ မလဲရလေအောင် သက်ဆိုင်ရာက ကြံ့ခိုင်မှုစစ်ဆေးခြင်းများရှိပါသလား၊ တစ်နှစ်ကို ဘယ်နှစ်ကြိမ်စစ်ပါသလဲဆိုတာကို မိုးဦး၊ လေဦးကျတိုင်း ရင်တမမဖြစ်နေရသော ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊

တောင်းတွင်းကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၏ လူနေရပ်ကွက်၊ ကျေးရွာများအတွင်း ဆောက်လုပ်ထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ ကြံ့ခိုင်မှုနှင့် ပတ်သက်၍ စစ်ဆေးရေးအစီအစဉ်များ ဆောက်ရွက်ထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြား မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် လိုအပ်ပါက အချိန်ပို အနည်းငယ်မျှ ခွင့်ပြုပေးပါရန် ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လိုင်စင်ရ ဆက်သွယ်ရေး အော်ပရေတာများနှင့် တာဝါတိုင်တည်ဆောက်သည့် ကုမ္ပဏီများအနေဖြင့် တာဝါတည်ဆောက်ခွင့်များ တင်ပြလျှောက်ထားလာပါက မြေစိုက်တာဝါ (Ground Base Tower) တည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်း(၁၇)ချက်၊ ခေါင်မိုးပေါ်တွင် တပ်ဆင်သည့်တာဝါ (Roof Top Tower) တည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်း(၁၅)ချက်တို့နှင့်အညီ တင်ပြလျှောက်ထား လာခြင်းရှိ/မရှိကိုစိစစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များသို့ တည်ဆောက်ခွင့်ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

တာဝါတိုင်များ တည်ဆောက်ရာတွင် ဒီဇိုင်းပိုင်းဆိုင်ရာတွက်ချက်မှု (Design Calculations) များကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ (သို့မဟုတ်) သက်ဆိုင်ရာဌာနများမှ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသည့် လိုင်စင်ရအင်ဂျင်နီယာ၏ စိစစ်အတည်ပြုချက်ဖြင့် ခွင့်ပြုပေးလျက်ရှိ ပါတယ်။ လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတိုင်တည်ဆောက်သည့် ကုမ္ပဏီ များသည် တာဝါတိုင်များ၏ ကိုယ်ထည်ကြံ့ခိုင်မှု၊ Tower Foundation၊ ကြိုးဆိုင်းတာဝါများ၏ ဆိုင်းကြိုးများ ကြံ့ခိုင်မှု၊ တာဝါတိုင်သံချေးတက်ခြင်းမှ ကာကွယ်ရန် သုတ်ထားသည့် ဆေးအခြေအနေ စစ်ဆေးခြင်း၊ တာဝါခြံစည်းရိုးကောင်းမွန်မှုရှိ/မရှိစစ်ဆေးခြင်း စသည်များအား (၆)လလျှင် တစ်ကြိမ်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးတိုင်း စစ်ဆေးဆောင်ရွက်သွားရန်နှင့် မူလီနှင့် နပ်ခေါင်းများ၊ တာဝါလှေခါးများ၊ အချက်ပြမီးများ၊ တာဝါကြံ့ခိုင်မှု၊ မြေစိုက်စနစ် Grounding System ကောင်းမွန်မှု စသည်များကို တစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးဆောင်ရွက်သွားရန် ညွှန်ကြား ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ တာဝါတိုင်ပြိုလဲခဲ့သည့်ဖြစ်ရပ်များအနက် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၆၄၉)၊ (ဆ)ရပ်ကွက်၊ မေခါဝီလမ်းမှာရှိတဲ့ MPT ရဲ့ကြိုးဆိုင်း တာဝါတိုင် ၇-၄-၂၀၁၈ ရက်နေ့မှာ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့ပြီး ပတ်ဝန်းကျင်နေအိမ် သုံးလုံး၏ ခေါင်မိုးများနှင့် ရေခဲသေတ္တာတစ်လုံး ထိခိုက်ပျက်စီးမှုဖြစ်ခဲ့ပါတယ်။ MPT က အဆိုပါ ထိခိုက်ပျက်စီးမှုအားလုံးကို ၈-၄-၂၀၁၈ ရက်နေ့မှ ၁၀-၄-၂၀၁၈ ရက်အတွင်း သက်ဆိုင်ရာ ကာယကံရှင်များကျေနပ်အောင် ပြုပြင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြိုလဲခဲ့သည့်တာဝါတိုင်တွေကို ၈-၄-၂၀၁၈ ရက်နေ့မှာ အပြီးတိုင်ဖြုတ်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့ MPT ၏ အဆိုပါ တာဝါတိုင်ပြိုလဲခဲ့ခြင်းနှင့်စပ်လျဉ်းပြီးတော့ ဆက်သွယ်ရေးဥပဒေ၊

နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများပြုလုပ်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။

MPT အနေနဲ့ တာဝါများတည်ဆောက်ထားတဲ့ သက်တမ်းကြောင့်သော်လည်းကောင်း၊ ရာသီဥတုသဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း ကြံ့ခိုင်မှု လျော့နည်းသွားနိုင်သည့် တာဝါများအား စစ်ဆေးခြင်း၊ အသစ်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တည်ဆောက်ပြီးခဲ့သော တာဝါတိုင် ၁၈၀၀ တိုင်အား ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ၂၀၁၆ ခုနှစ်တွင် တာဝါတိုင် ၁၄၀၀ အား Bolt and Nut များစစ်ဆေးခြင်း၊ Grounding System များပြုပြင်ခြင်း၊ ၂၀၁၇ ခုနှစ်တွင် တာဝါတိုင် ၇၉၀ တိုင်အား တာဝါတိုင်ဖောင်းဒေးရှင်းအားဖြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ထို့အပြင် OCK Yangon Privated Limited ကနေ တည်ဆောက်ထားတဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာအုပ်စု၊ ကူတို(တောင်)ရွာရှိ တာဝါသည် ၂၈-၄-၂၀၁၈ ရက်နေ့ ညနေ ၄း၃၀ ခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲမှုဖြစ်ပွားခဲ့ခြင်းအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးရေးအဖွဲ့၊ Third Party ဖြစ်တဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၏ မကွေးတိုင်းဒေသကြီးအဖွဲ့ခွဲ MICEG နဲ့ အစ္စရေးနိုင်ငံ Leadcom Company Limited တို့ရဲ့ စစ်ဆေးချက်အစီရင်ခံစာများအရ အဆိုပါဆက်သွယ်ရေးတာဝါ၏ အရေးပါသော ထောင့်ဖြတ်နေရာနှစ်နေရာတွင် တပ်ဆင်ထားသော ပစ္စည်းများမှ မူလတာဝါပစ္စည်းအစိတ်အပိုင်းများမဟုတ်ဘဲ အရည်အသွေးပြည့်မီမှုမရှိသည့် သံအပိုင်းအစဖြင့် အစားထိုးတည်ဆောက်ခဲ့ခြင်းကြောင့် ပြိုလဲခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

OCK ကုမ္ပဏီအနေနဲ့ တာဝါတိုင်များတည်ဆောက်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ Structure ပိုင်းဆိုင်ရာ လိုင်စင်ရအင်ဂျင်နီယာ၏ စစ်ဆေးအတည်ပြုချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang Corporation ရဲ့ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့တဲ့ တာဝါတိုင်စုစုပေါင်း ၄၀၉ တိုင်ရှိပါတယ်။ ပြိုလဲမှုဖြစ်ပေါ်ခဲ့တဲ့တာဝါတိုင်ကို တည်ဆောက်ခဲ့တဲ့အဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့တဲ့ တာဝါတိုင်စုစုပေါင်း ၃၈ တိုင်ရှိခဲ့ပြီးတော့ ပြိုလဲခဲ့တဲ့ တာဝါတိုင်မှအပ ကျန် ၃၇ တိုင်ကို အစ္စရေးနိုင်ငံမှ Leadcom Co.,Ltd နှင့် စနစ်တကျ ပြန်လည်စစ်ဆေးပြီးဖြစ်ကြောင်း၊ အဆိုပါဒီဇိုင်းဖြင့် တည်ဆောက်ထားသော တာဝါတိုင်စုစုပေါင်း ၄၀၉ တိုင်ရှိသော်လည်း စလင်းမြို့နယ်၊ ကူတို(တောင်)ရွာရှိ တာဝါတိုင်တစ်တိုင်သာ တင်ပြခဲ့သည့်အတိုင်း ပြိုလဲခဲ့ခြင်းဖြစ်ပါကြောင်း နောက်ပိုင်းကာလ မြန်မာနိုင်ငံတစ်ဝန်း လေပြင်းများ တိုက်ခတ်ခြင်း၊ ရခိုင်ပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်း စသည်တို့ ဖြစ်ပွားခဲ့သော်လည်း တာဝါတိုင်ပြိုလဲမှုများ ထပ်မံဖြစ်ပေါ်မှုမရှိတော့ပါကြောင်း ဆောင်ရွက်မည့်လုပ်ငန်းများအားလုံးကိုလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နောက်နောင်အလားတူ ဖြစ်ရပ်မျိုးမဖြစ်ပွားစေရန် အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း OCK ကုမ္ပဏီမှ ၅-၇-၂၀၁၈ ရက်စွဲပါစာဖြင့် ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါတယ်။

ယခု တာဝါပြိုလဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍လည်း လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေ ၄၁(က) (၃)တွင် လိုင်စင်ရရှိသူကို ၎င်း၏ သက်ဆိုင်ရာဝင်ငွေ၏ ၅ ရာခိုင်နှုန်းထိ ဒဏ်ငွေပေးဆောင်ရန် သတ်မှတ်ခြင်းဟု သတ်မှတ်ပြဋ္ဌာန်းထားရှိပါသဖြင့် ယင်းနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း OCK Yangon Privated Limited အား အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ Edotco Myanmar Limited ကုမ္ပဏီကနေပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ထဲမှာတည်ဆောက်နေတဲ့ တာဝါတိုင်ကို ပြန်လည်ဖြုတ်သိမ်းရန် ပြင်ဆင်နေတဲ့အတွင်းမှာ ၉-၅-၂၀၁၈ ရက်မှာ လေပြင်းတိုက်ခတ်မှုနှင့်ကြုံတဲ့အတွက် တာဝါတိုင်ဖြုတ်သိမ်းခြင်းလုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားစဉ်အတွင်းမှာ ၎င်းတို့ စနစ်တကျဆောင်ရွက်ထားခြင်းမရှိတာကြောင့် ပြိုလဲခဲ့ခြင်းဖြစ်တယ်လို့ယူဆပါကြောင်း၊ တာဝါပြိုလဲမှုကြောင့် ထိခိုက်ပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တာဝါကုမ္ပဏီများမှ တင်သွင်းလာမည့် တာဝါတိုင်များတွင် အသုံးပြုမည့် တည်ဆောက်ရေးပစ္စည်းများ၏ ကြံ့ခိုင်မှုကို စိစစ်နိုင်ရန်အတွက် ယခုအခါ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုသက်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ရ အင်ဂျင်နီယာများနှင့် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီများမှ Structure ပိုင်းဆိုင်ရာလိုင်စင်ရ အင်ဂျင်နီယာများ၏ စံချိန်စံညွှန်းနှင့်ကိုက်ညီကြောင်း စိစစ်ထောက်ခံချက်ပါရှိရန်နှင့် တာဝါတိုင်များတွင် အသုံးပြုသော သံမဏိပစ္စည်းများ၏ Mechanical and Chemical အရည်အသွေးစစ်ဆေးမှုများအတွက် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရ Third Party ကုမ္ပဏီများမှ ဓာတ်ခွဲခန်းစမ်းသပ်ပြီး လက်မှတ် Lab Test Report များပါရှိမှသာ ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းမကြီးကိုဖြတ်၍ မင်္ဂလာဈေးသို့ရောက်ရှိသော မူလခရီးစဉ်အတိုင်း လိုင်းတစ်လိုင်း သို့မဟုတ် မေတ္တာလမ်းမမှ မင်္ဂလာဈေးသို့ရောက်ရှိသော လိုင်းတစ်လိုင်းလိုအပ်လျက်ရှိနေပါသဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသောဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းရှိ ပဒေသာဈေးမှ ဈေးသူဈေးသားများဟာ ဟိုးအရင်ကတည်းကပင် မင်္ဂလာဈေးနှင့် ဆက်စပ်ရောင်းဝယ်မှုများရှိနေခဲ့ပြီး ပဒေသာဈေးနှင့် မင်္ဂလာဈေးတို့အား မထသကားများဖြစ်သော (၃၁)ဗိုက်ပူကား၊ ဇေယျာမင်းကား၊ အောင်သိဒ္ဓိ (၂၃၇) အစရှိသောကားများပြေးဆွဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မထသကားများအစား YBS ကားများဖြင့် အစားထိုးပြောင်းလဲပြေးဆွဲခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ယခင် မထသကားအဟောင်းများ နေရာတွင် YBS ကားအသစ်များဖြင့် ပြောင်းလဲပြေးဆွဲခဲ့သည့်အတွက် ခရီးသွားပြည်သူများမှာ ပိုမို သက်တောင့်သက်သာရှိသောအခြေအနေတစ်ခုကို ရောက်ရှိခဲ့သော်လည်း မေတ္တာလမ်းရှိ ပဒေသာ ဈေးနှင့် မင်္ဂလာဈေးသို့ဖြတ်သန်းသော ခရီးစဉ်လမ်းကြောင်း YBS ကားလိုင်းတစ်လိုင်းမှ မပါရှိခဲ့သော ကြောင့် YBS ကားအသစ်၏ ခရီးစဉ်လမ်းကြောင်းများသည် တောင်ဥက္ကလာပမြို့နယ်အတွက် လိုအပ်ချက်ဖြစ်ပေါ်လျက်ရှိနေပါသည်။ ထိုသို့ဖြစ်နေသည့်အတွက် ခရီးသည်များမှာ ယနေ့တိုင် ဒုက္ခရောက်နေပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတွေ့ဆုံပွဲများတွင်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း ၎င်းခရီးသည်များ၏အခက်အခဲများကို ဖြေရှင်းပေးပါ ရန် ပြည်သူများမှ အဆင်အမြဲတောင်းဆိုခဲ့ကြပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း နဂိုမထသယာဉ်လိုင်းအတိုင်း ပြေးဆွဲပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ခရီးသွားပြည်သူများအနေဖြင့်လည်း YBS ခရီးစဉ်အဆင်ပြေဖို့အတွက် ဌာနဆိုင်ရာများကို တင်ပြထား တဲ့အပိုင်းတွေလည်း ရှိခဲ့ပါတယ်။ YBS ကားများ စတင်သောကာလဖြစ်သဖြင့် အဆင်မပြေသေးသော် လည်း နောင်တွင်အဆင်ပြေလာပါမည်ဟု ခရီးသွားပြည်သူများအား ပြောကြားနေရသော်လည်း YBS စတင်ပြီး တစ်နှစ်ခွဲကျော်ကြာ ယနေ့အချိန်အထိ အဆင်မပြေဘဲဖြစ်နေပါသဖြင့် ၎င်းရပ်ကွက်များတွင် ပြည်သူလူထုတွေ့ဆုံပွဲများကိုပင် မလုပ်ရဲသလောက်ဖြစ်နေရပါတယ်။ ထိုသို့သောအခြေအနေများ ကြောင့် အောက်ပါမေးခွန်းများအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းရှိ ပဒေသာဈေးနှင့် မင်္ဂလာဈေးသို့ဖြတ်သန်းသွားသော ယခင် မထသယာဉ်လိုင်းအချိန်ကိုက်ရှိခဲ့သော ခရီးစဉ်အတိုင်း ယာဉ်လိုင်းတစ်ခုပြန်လည်ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိနှင့် မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့်မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါ တယ်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ထိုသို့ဆောင်ရွက်ပေးမည်ဆိုလျှင် Power Point တွင် အဝါရောင်လိုင်းဖြင့် တင်ပြထားသော နဂို မထသယာဉ်လိုင်းခရီးစဉ်ဖြစ်သော မေတ္တာလမ်း၊ သုမင်္ဂလာလမ်း၊ ရတနာလမ်း၊ (၁၆)ကွေ့ ခရီးစဉ် လမ်းကြောင်းအပြင် အပြာရောင်လိုင်းဖြင့် ပြသထားသော မေတ္တာလမ်း၊ ဝေဇယန္တာလမ်း၊ (၁၆)ကွေ့ ခရီးစဉ်လိုင်းအတိုင်း ကားအစီးရေတချို့ကို ထည့်သွင်းပြေးဆွဲစေချင်ပါတယ်။ အပြာရောင်ဖြင့် ပြသထားသော မေတ္တာလမ်းသည် လမ်းမကြီးတစ်ခုဖြစ်သော်လည်း ယခင် မထသအချိန်တွင်လည်း ကောင်း၊ ယခု YBS အချိန်တွင်လည်းကောင်း ယနေ့အချိန်အထိ လိုင်းကားတစ်စီးမှ ဖြတ်သန်းသွားလာ ခဲ့ခြင်းမရှိသောကြောင့်ဖြစ်ပါတယ်။ ခရီးစဉ်လိုင်းအသစ် ပြေးဆွဲမည်ဆိုပါက ထိုကဲ့သို့ဆောင်ရွက်ပေး ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ခရီးသွားပြည်သူများ၏လိုအပ်ချက်ဖြစ်သော ယခင် မထသယာဉ်လိုင်းများဖြစ်သော (၃၁)ဗိုက်ပူကား၊ ဇေယျာမင်း၊ အောင်သိဒ္ဓိ၊ (၂၃၇)လိုင်းကားတို့၏ ခရီးစဉ်များသည် ခရီးသွားပြည်သူများ၏ လိုအပ်ချက်နှင့် အံ့ဝင်ခွင်ကျဖြစ်နေသည့်အတွက် ထိုကဲ့သို့ ပြန်လည်မဆောင်ရွက်ပေးနိုင်ပါက ခရီးသွားပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော ဆင်းရဲဒုက္ခများကို ဖြေလျော့စေရန်အတွက် ဌာနဆိုင်ရာအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တောင်ဥက္ကလာပမြို့နယ်ရှိ ခရီးသွားပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

မှူးကြမ်း

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်၏ ကြယ်ပွင့်ပြမေးခွန်းအဖြစ် တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းမကြီးကိုဖြတ်၍ မင်္ဂလာဈေးသို့ရောက်ရှိသော နဂိုမူလခရီးစဉ်အတိုင်း လိုင်းတစ်လိုင်း သို့မဟုတ် မေတ္တာလမ်းမှ မင်္ဂလာဈေးသို့ရောက်ရှိသော လိုင်းတစ်လိုင်းစီစဉ်ပေးရန်မှာ အမှန်တကယ်လိုအပ်လျက်ရှိနေပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ယခင် မထသစီမံမှုအောက်တွင် မထသ(၃၁)ယာဉ်လိုင်းနှင့် အောင်သိဒ္ဓိယာဉ်လိုင်းသည် တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းကိုဖြတ်သန်း၍ မင်္ဂလာဈေးသို့ ပြေးဆွဲခဲ့ပါတယ်။ ယခု YBS (၂၆)ယာဉ်လိုင်းမှ စီးတီးဘတ်စ်ယာဉ်စီးရေ ၂၅ စီးဖြင့် မေတ္တာလမ်းကိုဖြတ်သန်း၍ ရွှေဗဟိုလမ်းဆုံ (တာမွေဗလီ)မှတစ်ဆင့် သမိန်ဗရမ်းလမ်းသို့ ပြေးဆွဲပေးလျက်ရှိပါတယ်။ အခြားမြို့နယ်များမှ လာသော ယာဉ်လိုင်းများသည် တာမွေမြို့နယ်မှတစ်ဆင့် ဗညားဒလလမ်းပေါ်ရှိ မင်္ဂလာဈေးကို ဖြတ်သန်း၍ ပြေးဆွဲပေးလျက်ရှိပါတယ်။ YBS (၂၆)နှင့်အတူ အရှေ့မြင်းပြိုင်ကွင်းလမ်းပေါ်တွင် YBS (၇)လိုင်းမှ နေ့စဉ် စီးတီးဘတ်စ်ယာဉ် ၁၅၇ စီးခန့်သည်လည်းကောင်း၊ YBS (၂၇) ယာဉ်လိုင်းမှ နေ့စဉ် စီးတီးဘတ်စ်ယာဉ် ၄၅ စီးခန့်သည်လည်းကောင်း၊ YBS (၃)ယာဉ်လိုင်းမှ နေ့စဉ် စီးတီးဘတ်စ်ယာဉ် ၄၂ စီးခန့်သည်လည်ကောင်း တာမွေအဝိုင်းမှတစ်ဆင့် ဗညားဒလလမ်းအတိုင်း မင်္ဂလာဈေးကို ဖြတ်သန်းပြေးဆွဲပေးလျက်ရှိပါတယ်။ ထို့အပြင် ရွှေဂုံတိုင်လမ်းမှလာသော YBS (၂၀)၊ (၆၅)၊ (၈၅) ယာဉ်လိုင်းများမှ နေ့စဉ် စီးတီးဘတ်စ်ယာဉ်စီးရေ ၂၂၁ စီးခန့်သည် တာမွေအဝိုင်းမှတစ်ဆင့် ဗညားဒလလမ်းအတိုင်း မင်္ဂလာဈေးကို ဖြတ်သန်းပြေးဆွဲပေးလျက်ရှိပါတယ်။ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းမှလာသော YBS (၄၃)၊ (၆၄) ယာဉ်လိုင်းမှ နေ့စဉ် စီးတီးဘတ်စ်ယာဉ် ၇၃ စီးခန့်သည်လည်း တာမွေအဝိုင်းမှတစ်ဆင့် ဗညားဒလလမ်းအတိုင်း မင်္ဂလာဈေးအားဖြတ်သန်း၍ ပြေးဆွဲပေးလျက်ရှိပါတယ်။ သာကေတမှလာသော YBS (၇၂)ယာဉ်လိုင်းမှ နေ့စဉ် စီးတီးဘတ်စ်ယာဉ်စီးရေ ၂၅ စီးခန့်သည်လည်း ရွှေဗဟိုလမ်းဆုံမှ ကျိုက္ကဆံလမ်း၊ ဗညားဒလလမ်းအတိုင်း မင်္ဂလာဈေးအား ဖြတ်သန်းပြေးဆွဲပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းမှ မင်္ဂလာဈေးသို့သွားရောက်ကြမည့် ခရီးသည်များအနေဖြင့် လက်ရှိအခြေအနေတွင် ရွှေဗဟိုလမ်းဆုံမှ မင်္ဂလာဈေးခရီးစဉ်သို့ ဗညားဒလလမ်းအတိုင်း နေ့စဉ်ပြေးဆွဲနေသော အထက်ပါ YBS ယာဉ်ကြီးလိုင်း ကိုးလိုင်းမှ ပြေးဆွဲယာဉ် ၅၅၉ စီး

ခန့်အား စီးနင်းသွားလာနိုင်ပါတယ်။ ရွှေဗဟိုလမ်းမဆုံမှ ဗညားဒလလမ်းအတိုင်း မင်္ဂလာဈေးအထိ YBS (၉)လိုင်း စီးတီးဘတ်စ် ၅၅၉ စီးခန့် နေ့စဉ်ဖြတ်သန်းပြေးဆွဲနေခြင်းကြောင့် အထက်ပါခရီးစဉ်တွင် ယာဉ်လိုင်းတစ်လိုင်း ထပ်မံဖြည့်တင်းပြေးဆွဲပါက ဗညားဒလလမ်းတစ်လျှောက် ယာဉ်ကြောကြပ်တည်းမှုအခြေအနေနှင့် ယာဉ်လိုင်းများလမ်းကြောင်း တူညီမှုအခြေအနေအရ ယှဉ်ပြိုင်မောင်းနှင်မှုပြုလုပ်မည့်အခြေအနေကိုလည်း စဉ်းစားရမည်ဖြစ်ပါတယ်။ ထို့အပြင် မေတ္တာလမ်းနှင့်ယှဉ်လျက်ရှိသော ရတနာလမ်းကိုဖြတ်သန်း၍လည်း YBS (၂၇)ယာဉ်လိုင်းသည် မင်္ဂလာဈေးအထိ ပြေးဆွဲပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အနေဖြင့် ရန်ကုန်မြို့အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းလမ်းကြောင်းများအား ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် လေ့လာစီမံဆောင်ရွက်လျက်ရှိပါသဖြင့် ယာဉ်လိုင်းလမ်းကြောင်း စိစစ်ဆောင်ရွက်သည့်အချိန်တွင် တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းရှိ ပြည်သူများ အထက်ပါခရီးစဉ်သို့ သွားလာမှုအထောက်အပံ့ဖြစ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ အခုနက ကျွန်တော်တို့ ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့ထဲမှာ YBS (၂၆)လိုင်းက ၂၅ စီးပြေးဆွဲနေတယ်လို့ ပြောပါတယ်။ ၂၅ စီးကလည်း ဒါ မနက် ၅ နာရီကနေ ညနေ ၉ နာရီအထိ ပြေးဆွဲမယ်ဆိုရင် အချိန်အားလုံးပေါင်း ၁၆ နာရီမှာ ၂၅ စီးဆိုတာလည်း တော်တော်လေးနည်းတယ်။ ဒါကြောင့်မို့လို့ အဆင်ပြေရင်တော့ ယာဉ်စီးရေကို ထပ်မံတိုးမြှင့်ဖို့ တင်ပြအပ်ပါတယ်။ နောက်တစ်ခု ဒီ YBS ကထုတ်တဲ့စာအုပ်လေးမှာပဲ YBS (၂၆)ယာဉ်လိုင်းဟာ ဒီတာမွေကနေပြီးတော့ ကျောက်မြောင်း-သီတာ-အောင်မင်္ဂလာ-ယုဇနပလာဇာ-မင်္ဂလာဈေးဆိုပြီးတော့ စာအုပ်ထဲမှာ ယာဉ်လမ်းကြောကို ရေးထားပေမဲ့လည်း အပြင်မှာကျတော့ တာမွေကမှတစ်ဆင့် ကြက်ပဲဈေးကိုသွားနေတာ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ YBS ကထုတ်ထားတဲ့ ခရီးစဉ်လမ်းကြောနှင့် အပြင်မှာသွားနေတဲ့ ခရီးစဉ်လမ်းကြောကလည်း အခုနက ဝန်ကြီးပြောသွားတဲ့ YBS (၂၆)လိုင်းကလည်း အဲဒီလိုခရီးစဉ်လွဲနေတဲ့အတွက် စာအုပ်ထဲမှာပါတဲ့ အတိုင်း လမ်းလေးကို အဆင်ပြေရင်တော့ ဆောင်ရွက်လို့ရရင် ဆောင်ရွက်ပေးပါလို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ပြန်လည်ဖြေကြားပါ့မယ်ခင်ဗျား။

**စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်ရာတွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ရေဖြူကန်ကျေးရွာမှ ကျောက်ဆိပ်ကျေးရွာလမ်းပိုင်းပေါ်ရှိ ပျက်စီးသွားသော မြို့ပေါ်လယ်သမား ၂၈ ဦးတို့၏ လယ်မြေ ၅၁ ဧကခန့်အတွက် လျော်ကြေးငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်ရာမှာ ပုဏ္ဏားကျွန်းမြို့ပေါ်က လယ်သမား ၂၈ ဦးတို့ရဲ့ ပျက်စီးသွားတဲ့လယ်ယာတွေအတွက် လျော်ကြေးငွေကိစ္စကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပုဏ္ဏားကျွန်းမြို့ပေါ်က လယ်သမား ၂၈ ဦးတို့ဟာ ကွင်းအမှတ်(၆၂၇) ပြင်ခေါင်ကွင်း၊ ကွင်းအမှတ်(၆၂၃) ပုဏ္ဏားကွင်းတို့မှာ လယ်ယာမြေအနည်းငယ်စီကို ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ်မှာ မြန်မာ့မီးရထားဌာနမှ ကွင်းတောင်-ကျောက်တော်မီးရထားလမ်းဖောက်လုပ်ခဲ့ရာ မြို့မအုပ်စု၊ ရေဖြူကန်ကျေးရွာမှ ကျောက်ဆိပ်ကျေးရွာလမ်းပိုင်းအထိ လယ်သမား ၂၈ ဦးတို့ရဲ့ လယ်မြေ ၅၁ ဧကခန့်က ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုပျက်စီးခဲ့ရတာ ၁၀ နှစ်လောက်ရှိပါပြီ။ ဒါကြောင့်မို့လို့ လယ်သမားမိသားစုများမှာ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ အခက်အခဲပေါင်းစုံကို ယနေ့တိုင်ခံစားနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ရထားလမ်းဖောက်လိုက်တဲ့အတွက် ပျက်စီးသွားတဲ့လယ်ယာမြေတွေဖြစ်ပါတယ်။ ဒါလည်းပဲ ပျက်စီးသွားတဲ့လယ်ယာမြေတွေဖြစ်ပါတယ်။ ဒါလည်းပဲ ရထားလမ်းဖောက်လိုက်တဲ့အတွက် လယ်ယာမြေတွေ ပျက်စီးခဲ့ရတာဖြစ်ပါတယ်။ ဒါကတော့ လယ်ယာမြေတွေပေါ်မှာ ရထားလမ်းဖောက်လိုက်တဲ့အခါ လယ်သမား ၂၈ ဦးရဲ့ စာရင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့အခြားသော တိုင်းဒေသကြီးများနဲ့ ပြည်နယ်တွေမှာလည်း ဒီလိုပျက်စီးဆုံးရှုံးသွားခဲ့တဲ့ လယ်ယာမြေအတွက် လျော်ကြေးငွေများရရှိပြီးဖြစ်ကြောင်းသိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပုဏ္ဏားကျွန်းမြို့နယ်မှ ကွင်းတောင်၊ ပဒေသာ၊ ကျောက်ဆိပ်၊ ပက်ခွက်ဆိပ်၊ ယာချောင်း၊ ဂဏန်းတောင်ကျေးရွာခြောက်ရွာရှိ လယ်သမား ၁၈၀ ဦးတို့ရဲ့လယ်ယာမြေ ၁၆၀.၉ ဧကအတွက် လျော်ကြေးငွေကိုလည်း ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ရထားလမ်းဖောက်လုပ်ရာမှာ ပျက်စီးဆုံးရှုံးသွားတဲ့ လယ်သမား ၂၈ ဦးတို့ရဲ့ လယ်မြေ ၅၁ ဧကခန့်အတွက် လျော်ကြေးငွေကို အမြန်ဆုံးရရှိနိုင်ရန် မဲဆန္ဒရှင်လယ်သမားများရဲ့ တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်ရာမှာ ပုဏ္ဏားကျွန်းမြို့နယ်၊ ရေဖြူကန်ကျေးရွာမှ ကျောက်ဆိပ်ကျေးရွာလမ်းပိုင်းမှာ ပါဝင်ပျက်စီးသွားတဲ့ မြို့ပေါ်လယ်သမား ၂၈ ဦးတို့ရဲ့ လယ်မြေ ၅၁ ဧကခန့်အတွက် လျော်ကြေးငွေများကို ၂၀၁၈-၂၀၁၉

ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုပေးပါမည်ဖြစ်ကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးအား မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်၏ ကြယ်ပွင့်ပြမေးခွန်းအဖြစ် စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်ရာတွင် ပုဏ္ဏားကျွန်းမြို့၊ ရေဖြူကန်ကျေးရွာမှ ကျောက်ဆိပ်ကျေးရွာလမ်းပိုင်း၌ ပါဝင်ပျက်စီးသွားသော မြို့ပေါ်လယ်သမား ၂၈ ဦးတို့၏ လယ်မြေ ၅၁ ဧကခန့်အတွက် လျော်ကြေးငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုပေးပါမည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ဖြေကြားမှာဖြစ်ပါတယ်။

မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကွမ်းတောင်၊ ပဒေသာ၊ ကျောက်ဆိပ်၊ ပက်ခွက်ဆိပ်၊ ယာချောင်း၊ ဂဏန်းတောင် ကျေးရွာအုပ်စုခြောက်အုပ်စုမှ သိမ်းဆည်းမြေ ၁၆၀.၉၁ ဧကအတွက် လျော်ကြေးတန်ဖိုးငွေကျပ် ၄၂၂.၇၉၈ သန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှအတည်ပြုချက်ရရှိပြီးဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၀၀ သန်းအား ကာယကံရှင်များထံ ကြိုတင်ပေးချေခဲ့ပြီး လျော်ကြေးပေးရန်ကျန်ရှိသော ငွေကျပ် ၂၂၂.၇၉၈ သန်းကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘဏ္ဍာရေးနှစ်တွင် ဆက်လက်ပေးချေနိုင်ရေးအတွက် မြန်မာ့မီးရထား၊ မြေယာလျော်ကြေးပေးချေရေးအဖွဲ့မှ ပုဏ္ဏားကျွန်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်သို့ ၂၃-၅-၂၀၁၈ ရက်နေ့တွင် လွှဲပြောင်းပေးပို့ထားပြီးဖြစ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တို့နှင့် ညှိနှိုင်းပူးပေါင်း၍ ၄-၇-၂၀၁၈ ရက်နေ့နှင့် ၅-၇-၂၀၁၈ ရက်နေ့များတွင် ပေးချေပြီးဖြစ်ပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်၊ မြို့မအုပ်စု၊ ရေဖြူကန်ကျေးရွာနှင့် ကျောက်ဆိပ်ကျေးရွာကြားလမ်းပိုင်း၌ ပါဝင်သွားသော သိမ်းဆည်းမြေများအား မြန်မာ့မီးရထားနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းတိုင်းတာထားပြီးဖြစ်ရာ မြို့မအုပ်စုရှိ သိမ်းဆည်းမြေဧကအမှန်မှာ ၃၃.၄၄ ဧကနှင့် တောင်သူဦးရေ ၂၉ ဦးပါဝင်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရှိရပါတယ်။ အဆိုပါ သိမ်းဆည်းမြေ ၃၃.၄၄ ဧကအတွက် လျော်ကြေးတန်ဖိုးများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ၂၁-၈-၂၀၁၈ ရက်နေ့တွင် တင်ပြထားပြီးဖြစ်ကြောင်းနှင့် အတည်ပြုချက်ရရှိပါက ရခိုင်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လျော်ကြေးတန်ဖိုး အတည်ပြု

ချက်ရရှိရေးကို ဆက်လက်တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့မီးရထား၊ မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှလည်း ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ သိမ်းဆည်းမြေများအတွက် ရခိုင်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လျော်ကြေးတန်ဖိုး အတည်ပြုချက်ရရှိရေးကို အမြန်ဆုံးတောင်းခံဆောင်ရွက်ပေးပါရန် ၂၁-၈-၂၀၁၈ ရက်နေ့တွင် ဥက္ကဋ္ဌ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီထံသို့ စာဖြင့်အကြောင်းကြားတင်ပြထားပြီး ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေတင်ပြတောင်းခံရာတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ လျော်ကြေးတန်ဖိုးအတည်ပြုချက်မရရှိသေးသဖြင့် ထည့်သွင်းလျာထားတောင်းခံနိုင်ခြင်းမရှိခဲ့ပါ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံချိန်တွင် လျော်ကြေးတန်ဖိုးအတည်ပြုချက်ရရှိပါက ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ထည့်သွင်းလျာထားတောင်းခံပြီး ခွင့်ပြုချက်ရရှိပါက လျော်ကြေးပေးချေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ ဖမ်းဆီးရရှိသော သက်သေခံပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ယာဉ်များနှင့် သစ်တောထွက်ပစ္စည်းများအား အရည်အသွေးမပျက်စီးမီ အမြန်ဆုံး လေလံတင်ရောင်းချရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ ဖမ်းဆီးရရှိသော သက်သေခံပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ယာဉ်များနှင့် သစ်တောထွက်ပစ္စည်းများအား အရည်အသွေးမပျက်စီးခင် အချိန်မီအမြန်ဆုံးလေလံတင်ရောင်းချရန်အစီအစဉ်ရှိ/မရှိ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်မှာ တရားမဝင်လုပ်ငန်းတွေ တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ ဖမ်းဆီးရရှိသောယာဉ်တွေဟာ တရားရုံးတွေ၊ ရဲစခန်းတွေမှာ သက်သေခံပစ္စည်းအဖြစ်နဲ့ သိမ်းဆည်းထားတာတွေ များစွာရှိပါတယ်။ အလားတူ သစ်တောထွက်ပစ္စည်းများ တရားမဝင်ရောင်းချရာမှ ဖမ်းဆီးရမိတဲ့ သစ်တောထွက်ပစ္စည်းများဟာ သစ်တောစခန်း၊ သစ်တောရုံးတွေမှာ ဒုနဲ့ဒေး တွေ့ရှိရပါတယ်။ ယခုလက်ရှိအချိန်မှာလည်း ခပ်စိပ်စိပ် ထပ်မံဖမ်းဆီးသိမ်းဆည်းနေတာတွေလည်း မကြာခဏကြားနေမြင်နေရပါတယ်။ အဲဒီလိုဖမ်းဆီးရမိတဲ့ ယာဉ်တွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ၊ သက်သေခံသစ်တောထွက်ပစ္စည်းတွေဟာ တရားရင်ဆိုင်နေစဉ် ကာလမှာ အမှုမပြီးပြတ်မချင်း သိမ်းဆည်းထားတာကို တွေ့ရပါတယ်။ သို့သော်လည်း ၎င်းသက်သေခံ

ပစ္စည်းများဟာ လုံလုံခြုံခြုံအမိုးအကာအရိပ်အောက်မှာ ထိန်းသိမ်းမထားနိုင်တဲ့အတွက် အမှုမပြီးပြတ်ခင်မှာပဲ ပျက်စီးယိုယွင်းနေတာကို တွေ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အနည်းငယ်သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီပုံတွေဟာဆိုလို့ရှိရင် မင်းဘူးခရိုင်အတွင်းမှာရှိတဲ့ တရားရုံးတွေ၊ ရဲစခန်းတွေ၊ သစ်တောစခန်းတွေ၊ သစ်တောရုံးတွေမှာရှိတဲ့ သက်သေခံပစ္စည်းတွေ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ဆိုလို့ရှိရင် များစွာရှိနေမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာမြင်တွေ့ရတဲ့အတိုင်း လေထဲ၊ မိုးထဲမှာ လုံလုံခြုံခြုံမရှိတဲ့အတွက် ပျက်စီးယိုယွင်းနေတာတွေ ယာဉ်တွေ၊ သစ်တောထွက်ပစ္စည်းတွေ ဖြစ်ပါတယ်။ ပိုဆိုးတာက ဖြုတ်လို့၊ တပ်လို့လွယ်တဲ့ ဒိုင်နမို မော်တာ၊ တာယာစတဲ့ပစ္စည်းတွေကို အလွယ်တကူဖြုတ်ယူတာတွေ ရှိပါတယ်။ ဆိုင်ကယ်တွေကိုလည်း နည်းမျိုးစုံနဲ့ လဲခြင်း၊ ပြောင်းခြင်း၊ ဖြုတ်ယူခြင်းများရှိတဲ့အတွက် မိမွေးတိုင်း၊ ဖမွေးတိုင်း မူလအတိုင်း မရှိတော့ပါ။ အမှုလည်းပြီးရော လိုင်စင်၊ နံပါတ်ပြား၊ ရုပ်ဘော်ဒီလောက်ပဲ ကျန်ပါတော့တယ်။ အလားတူ သစ်တောထွက်ပစ္စည်းတွေဟာလည်း မိုးထဲ၊ လေထဲ၊ နေပူထဲမှာ ပျက်စီးယိုယွင်းပြီး သုံးလို့မရတဲ့အချိန်မှ အမှုကပြီး၊ အမှုပြီးမှ လေလံတင်တော့ ဘာမှသုံးလို့မရပါ။ မိအေးနှစ်ခါနာ ဆိုသလို ခိုးထုတ်၊ ခိုးခုတ်လို့လည်း သစ်တောလည်းပြုန်းသေးတယ်။ အမှုကကြာ၊ ပစ္စည်းတွေက ဆွေးဆိုတော့ တိုင်းပြည်အတွက်လည်း အကျိုးမရှိ ဖြစ်ခဲ့ရပါတယ်။ ဆွေးမြည့်ကာမှ ပုံစံ(၈)နဲ့ထုတ်တော့ နောက်ဆက်တွဲပါပါတယ်။ တိုင်းပြည်အတွက်အခွန်ပါမရတော့ နောက်ထပ်ထပ်ပြီးတော့ နစ်နာရတာ တွေ့ရပါတယ်။ အမှန်တကယ်တော့ အမှိုက်ထဲကရွှေဖြစ်ရမယ့်အစား ရွှေကအမှိုက်ဖြစ်သွားတာ လက်တွေ့ပါ။ ဒီလိုတွေမဖြစ်အောင် ပြည်ထောင်စုအစိုးရမှ သက်ဆိုင်ရာဝန်ကြီးဌာနကို စနစ်တကျ စီမံညွှန်ကြားဖို့လိုပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း အမှုတွေကို အမြန်ဆုံးပြီးစီးအောင် မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် စစ်ဆေးဖို့၊ အရည်အသွေးမပျက်ခင်မှာ တင်ဒါတွေခေါ်နိုင်ဖို့ ကြိုးစားရန် လိုအပ်ပါတယ်။ ဒါမှ တိုင်းပြည်ဘဏ္ဍာတွေ အဟောသိကံ မဖြစ်ဘဲနဲ့ သယံဇာတတွေ အလေအလွင့်နည်းပါးပြီး နိုင်ငံခြားထွက်ငွေတွေပါ သက်သာလာမှာဖြစ်တဲ့အတွက် အထက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းရဲ့ တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ ဖမ်းဆီးရရှိသောသက်သေခံပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ယာဉ်များနှင့် သစ်တောထွက်ပစ္စည်းအား အရည်အသွေးမပျက်စီးခင် အချိန်မီ အမြန်ဆုံးလေလံတင်ရောင်းချရန်

အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနရဲ့ဖြေကြားမှုနှင့်အတူ ပေါင်းစပ်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဦးစွာ မော်တော်ယာဉ်များနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီးဌာနသည် တာဝန်ထမ်းဆောင်စဉ်မှာ ဖမ်းဆီးရမိတဲ့ မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာသိမ်း အမိန့်ထုတ်ပြန်ပြီးနောက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ ဖမ်းဆီးရမိတဲ့ သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့လည်းကောင်း လုပ်ထုံးလုပ်နည်း နှင့်အညီ လွှဲပြောင်းပေးအပ်ပါတယ်။ ဖမ်းဆီးရမိပြည်သူ့ဘဏ္ဍာသိမ်းလိုင်စင်မဲ့မော်တော်ယာဉ်များကို ပြင်ဆင်စရိတ်ငွေ သက်သာစေရန်နှင့် သံရည်ကျိုအဆင့်သို့ရောက်ရှိခြင်းမှကာကွယ်ရန်အတွက် ဖမ်းဆီးရမိစဉ်ကပင် ကနဦးစစ်ဆေးချက်မှတ်တမ်းနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်စေခြင်းနှင့် အမှုပြီးပြတ်ရေး အတွက် တရားရုံးအသီးသီးက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဖမ်းဆီးရမိလိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိစဉ်ကပင် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနက လွှဲပြောင်းလက်ခံ နိုင်မည်ဖြစ်သော်လည်းပဲ အဆိုပါမော်တော်ယာဉ်များကို တရားရုံးမှ ပြည်သူပိုင်အဖြစ် သိမ်းဆည်းမိန့် ချမှတ်ပြီးတဲ့အခါမှသာ ဌာနဆိုင်ရာများသို့ လိုအပ်ချက်အပေါ်မှာမူတည်ပြီးတော့ ခွဲဝေထုတ်ပေးရေးကို ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၉-၅-၂၀၁၇ ရက်စွဲပါစာနဲ့ ညွှန်ကြားထားရှိတဲ့အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ညွှန်ကြားချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ဖမ်းဆီးရမိခဲ့တဲ့ယာဉ်များသည်လည်း လိုင်စင်မဲ့ယာဉ်များဖြစ်ပါက အပ်နှံမယ့်အကြောင်းကြားစာ ရရှိ သည်နှင့်တစ်ပြိုင်နက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေး ဦးစီးဌာန စစ်ဆေးရေးအဖွဲ့များဖြင့် သွားရောက်စစ်ဆေးပြီးတော့ လွှဲပြောင်း/လက်ခံဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာတရားရုံးများက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ချမှတ်ပြီးတဲ့အချိန်မှာ ပြုပြင်သုံးစွဲနိုင်တဲ့အဆင့်ရှိယာဉ်တွေကို တော့ လိုအပ်တဲ့ဌာန/အဖွဲ့အစည်းများကို ခွဲဝေပေးပါတယ်။ ပြုပြင်သုံးစွဲရန်မသင့်တဲ့ သံရည်ကျို အဆင့်ယာဉ်များကိုတော့ သံရည်ကျိုဖျက်ဆီးနိုင်ရေးဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့ကို တင်ပြပြီးတော့ ခွင့်ပြုချက်ရယူဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီး ရမိတဲ့ယာဉ်များသည် လိုင်စင်ရှိယာဉ်များဖြစ်ပါက သက်သေခံပစ္စည်းအဖြစ်ထားရှိပြီးတော့ တရားရုံး အမှုကိစ္စပြီးပြတ်၍ ဘဏ္ဍာသိမ်းအပ်နှံသည့်အခါ သွားရောက်စစ်ဆေးလွှဲပြောင်း/လက်ခံဆောင်ရွက် ပြီး လိုအပ်သည့်ဌာနများကို ခွဲဝေပေးခြင်းနှင့် သံရည်ကျိုဖျက်ဆီးနိုင်ရေးဆောင်ရွက်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများရဲ့ မော်တော်ယာဉ်လိုအပ်ချက်များကို ဖမ်းဆီးရမိပြည်သူ့ဘဏ္ဍာ သိမ်းယာဉ်များဖြင့်သာ အဓိကထားပြီးတော့ ဖြည့်ဆည်းသုံးစွဲရန် ရည်ရွယ်ထားရှိပါသဖြင့် ဖမ်းဆီးရရှိ တဲ့သက်သေခံပစ္စည်းများဖြစ်တဲ့ မော်တော်ယာဉ်၊ ယာဉ်များကို လေလံတင်ရောင်းချမှုနည်းပါးပါ ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်နှင့်သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းများ ဆွေးမြည့်/ပျောက်ဆုံး/ ပျက်စီးမှုမရှိမီ စီမံခန့်ခွဲနိုင်ရန်နှင့် နိုင်ငံဘဏ္ဍာငွေလျော့ပါးဆုံးရှုံးမှုမရှိစေရန် သယံဇာတနှင့် သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ စီမံခန့်ခွဲရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းတို့မှာ ဖမ်းဆီးရမိစဉ်အဖွဲ့ဖြင့် စစ်ဆေးမှတ်တမ်းတင်ခြင်း၊ လုံခြုံရာ/နီးရာစုရပ်သို့ သယ်ယူပို့ဆောင်ခြင်း၊ လုံခြုံရာရောက်ရှိစေရေးသယ်ယူပို့ဆောင်နိုင်ရန် အထောက်အပံ့များစီမံဆောင်ရွက်ခြင်း၊) ဖမ်းဆီးရမိသစ်ရဲ့အနေအထား/ဒေသလုံခြုံရေးအခြေအနေအရ ခွင့်ချက်ဖြင့် ပုံသဏ္ဍာန်ပြုပြင်ပြောင်းလဲခွင့်ပြုခြင်း၊ ဖမ်းဆီရမိသစ်များ အရည်အသွေးမကျဆင်းမီ စီမံခန့်ခွဲခြင်းတို့ ဖြစ်ပါတယ်။ စီမံခန့်ခွဲရေးနည်းလမ်းအရ ဖမ်းဆီရမိသစ်များကို ရက်သတ္တပတ်နှစ်ပတ်အတွင်းမှာ အမှုပြီးပြတ် အောင်ဆောင်ရွက်ပြီးတော့ ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် တရားစွဲဆိုမယ့် ဖမ်းဆီးရမိသစ်များကို တရားရုံးက အမိန့်ချမှတ်ပြီးတဲ့အခါမှာ ဘဏ္ဍာသိမ်းဆည်းတို့ကို ဆောင်ရွက်ပါတယ်။ ဘဏ္ဍာသိမ်းပြီးတဲ့ ဖမ်းဆီးရမိသစ်များကို ပုံစံ(၈)စာရင်းရေးသွင်းပြီးတော့ မြန်မာ့သစ်လုပ်ငန်းကို လွှဲပြောင်းပေးအပ်ပါတယ်။ မြန်မာ့သစ်လုပ်ငန်းက ရက်ပေါင်း(၂၀)အတွင်းမှာ လွှဲပြောင်း/လက်ခံရယူခြင်း သို့မဟုတ် ရယူလိုကြောင်း အကြောင်းပြန်ကြားမှုမရှိတဲ့ ပုံစံ(၈)ဝင် ဖမ်းဆီးသစ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်တွေကနေပြီးတော့ လေလံစီမံချက်ရေးဆွဲပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးများကတစ်ဆင့်တင်ပြပြီး လေလံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဒေသအတွင်း ပြည်သူများသုံးစွဲနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်ကျော် သယ်ယူခွင့်မပြုတဲ့ ကန့်သတ်ချက်နဲ့ လေလံတင်ရောင်းချခြင်း ဆောင်ရွက်ပါတယ်။

မြန်မာ့သစ်လုပ်ငန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်ကနေ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ပုံစံ(၈)သစ် များကို လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့တဲ့ စုစုပေါင်းပမာဏကတော့ တန်ချိန်ပေါင်း ၁၃၇၄၅၁ တန် ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များက လေလံတင်ရောင်းချခဲ့တဲ့ပမာဏကတော့ ၂၀၁၃-၂၀၁၄ ခုနှစ်ကနေ၂၀၁၇-၂၀၁၈ ခုနှစ်အထိ တန်ချိန်ပေါင်း ၅၅၁၂၈ တန် ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ တရားမဝင်ဖမ်းဆီရမိတဲ့ပုံစံ(၈)သစ်တွေကို လေလံတင်ရောင်းချခြင်းအပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှာ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ပူးတွဲပါလုပ်ငန်းစဉ်(၇)ဆင့်နဲ့အတူ တစ်ကြိမ်ကို သစ်ခွဲသားတန် ၂၀၀ နှုန်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ရောင်းချပေးခဲ့ရာမှာ အောက်ပါအတိုင်းရောင်းချပေးပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၂၀၉၇.၃၆ တန်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၅၅၄၆.၃ တန် ဖြစ်ပါတယ်။

ဖမ်းဆီးရမိသစ်နှင့် သစ်မဟုတ်တဲ့သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်ပြီးတော့ ပျက်စီးပုပ်သိုး လွယ်သောသစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိလို့ရှိရင် လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်တဲ့အဖွဲ့နဲ့ မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း ဆောင်ရွက်ပါတယ်။ တရားမဝင်သစ်ခွခြောက်များကို ဖမ်းဆီးရမိပါက သုတေသနပြုလုပ်ရန်အတွက် သစ်တောသုတေသနဌာနမှာ ဓာတ်ခွဲစမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် သစ်ခွအစိုများ ဖမ်းဆီးရမိပါက သစ်တောဦးစီးဌာနရှိ သစ်ခွပျိုးဥယျာဉ်များတွင် ပြုစုထားရှိခြင်း ဆောင်ရွက်ပါတယ်။ ဖမ်းဆီးရမိတဲ့ တရားမဝင် ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါးများကို အမှုပြီးပြတ်လို့ရှိရင် လေလံစီမံချက်ရေးဆွဲပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကတစ်ဆင့် လေလံစည်းမျဉ်းစည်းကမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်းနှင့်

ဌာနသုံးရန်လိုအပ်ပါက အခွန်နှုန်းထားဖြင့်သုံးစွဲခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသကဲ့သို့ ပစ္စည်းများ ပျက်စီးမှုမဖြစ်စီ ဌာနများသို့ ခွဲဝေသုံးစွဲခြင်းနှင့် လေလံတင်ရောင်းချခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပိုမိုမြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟိုပန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ပေးရန်နှင့် ဘဏ်နှင့်ဘဏ်ဝန်ထမ်းများလုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများနဲ့ တိုင်းရင်းသားပြည်သူများရဲ့ငွေကြေးဆိုင်ရာ လုပ်ငန်းအဆင်ပြေလွယ်ကူစေရေးအတွက် ဟိုပန်မြို့နယ်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်ဖြင့် တိုးမြှင့်ပေးရန်နှင့် ဘဏ်နှင့်ဘဏ်ဝန်ထမ်းများလုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့သည် တိုင်းရုံးစိုက်ရာ ခရိုင်မြို့ဖြစ်ပြီး ဒေသတွင်းဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဤသို့ဒေသဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲအသစ်ကို ၁-၄-၂၀၁၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၎င်းဘဏ်ငွေတိုက်ခွဲသည် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများနဲ့ တိုင်းရင်းသားပြည်သူများရဲ့ အဓိကအမှီပြုအားထားရတဲ့ တစ်ခုတည်းသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲလည်းဖြစ်ပါတယ်။ ဟိုပန်မြို့ရဲ့ ဘဏ်ငွေကြေးစီးဆင်းမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ၉၂၂ သန်းကျော်ရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၂၈၇၉ သန်းအထိ တိုးမြှင့်လာခဲ့ပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၃၅၁ သန်းကျော် ထုတ်ပေးခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၃၁၇၇ သန်းကျော်အထိ တိုးမြှင့်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့အပြင် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများနှင့် တပ်ရင်းတပ်ဖွဲ့များရဲ့ ငွေသွင်းငွေထုတ်လုပ်ငန်းများ၊ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်နှံခြင်းများ၊ ပြည်တွင်းငွေလွှဲခြင်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် ယခင်ကထက် ပိုမိုများပြားတိုးတက်လာတဲ့အတွက် ဟိုပန်မြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု အမှန်လိုအပ်လျက်ရှိပါ

တယ်။ မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်အဖြစ် တိုးမြှင့်ခွင့်ရရှိပါက ၎င်းဘဏ်နဲ့ဘဏ်ဝန်ထမ်းများရဲ့ လုံခြုံရေးသည်လည်း အရေးကြီးလာမည်ဖြစ်တဲ့အတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ပေးရန် လိုအပ်လာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲအား မြန်မာ့စီးပွားရေးဘဏ် ခွဲအဆင့်အဖြစ် တိုးမြှင့်ပေးရန်နဲ့ ဘဏ်နှင့်ဘဏ်ဝန်ထမ်းများလုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်းရဲ့ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်အဖြစ် တိုးမြှင့်ပေးရန်နှင့် ဘဏ်နှင့်ဘဏ်ဝန်ထမ်းများ လုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဒေသအတွက်မေးမြန်းပေးတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ဌာနအနေဖြင့် နားလည်သဘောပေါက်ပါကြောင်းနှင့် ကိုယ်ချင်းစာပါ ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေးဘဏ်တွင် ရုံးချုပ်ဌာနကြီးခြောက်ခုအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်အဆင့်ကွပ်ကဲဘဏ်ခွဲ ၇၆ ခု၊ မြို့နယ်အဆင့်ဘဏ်ခွဲ ၂၁၅ ခု နဲ့ဘဏ်ငွေတိုက်ခွဲအဆင့် ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲအဆင့်ခြောက်ခု စုစုပေါင်း ဘဏ်ခွဲပေါင်း ၃၃၅ ခု ရှိပါတယ်။ အစိုးရနှင့်ပြည်သူလူထုအတွက် ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိတဲ့ အကြီးဆုံး နိုင်ငံပိုင် ဘဏ်ကြီးဖြစ်ပါတယ်။ ဘဏ်လုပ်ငန်းဆောင်ရွက်မှုအနေအထားများအရ ရှမ်းပြည်နယ်၊ ဟိုပန် ဘဏ်ငွေတိုက်ခွဲမှာ တစ်ရက်လျှင် ပျမ်းမျှငွေလွှဲ လွှဲပို့ဆောင်ရေ ၃၁ စောင်၊ ပျမ်းမျှ ငွေထုတ်စောင်ရေ ၁၃ ဆောင်သာရှိသည်ကို တွေ့ရပါတယ်။ ဟိုပန်မြို့မှာရှိတဲ့ ခြေလျင်တပ်ရင်းနှစ်ရင်းအနေဖြင့်လည်း ဟိုပန်မြို့နှင့် ၁၃ မိုင်သာကွာဝေးတဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ ကွမ်းလုံမြို့နယ်ဘဏ်ခွဲမှာ ဘဏ်စာရင်းများဖွင့်လှစ်ပြီးတော့ လုပ်ငန်းဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ဟိုပန်ဘဏ် ငွေတိုက်ခွဲကို ၁-၄-၂၀၁၇ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ တစ်နှစ်ကျော်သာရှိသေးပြီးတော့ လက်ရှိအခြေအနေမှာ လုပ်ငန်းပမာဏအရ ဘဏ်ငွေတိုက်ခွဲအဆင့်နဲ့ နိုင်နင်းစွာဆောင်ရွက်လျက် ရှိပါသဖြင့် နောင်လုပ်ငန်းပမာဏများပြားလာတဲ့အခါမှာ မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ဖို့ သုံးသပ်ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။ ဟိုပန်ဘဏ်ငွေတိုက်ခွဲရဲ့ မူလခြံစည်းရိုး အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားတောင်းခံပြီး တော့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေကို သတ်မှတ်ထားတဲ့ဘောင်အတွင်း ရေးဆွဲရခြင်းနဲ့ ဘဏ်ခွဲအဆောက်အအုံ၊

ငွေသိုလှောင်ခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အဦများကို ဦးစားပေးအဆင့်များ ခွဲခြားပြီး ဆောင်ရွက်ရခြင်း၊ ဟိုပန်ဘဏ်ငွေတိုက်ခွဲကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ဘဏ်ခွဲအဆောက်အဦအသစ်ဆောက်လုပ်စဉ်က ရှေ့မျက်နှာစာကို အုတ်တံတိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီးတော့ ဘေးနှစ်ဖက်နှင့်အနောက်ဖက်ကို ချိန်းလင့်သံဆူးကြိုးဖြင့် ကာရံခြင်းကို ဆောင်ရွက်ထားခြင်းတို့ကြောင့် အုတ်တံတိုင်းအဆင့်ကိုမြှင့်တင်ပြီးတော့ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်ဖို့အတွက် မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဘဏ္ဍာရေးနှစ်အလိုက်ကို ငွေလုံးငွေရင်းရန်ပုံငွေ လျာထားမှုများမှာ ဦးစားပေးအလိုက် ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေခွင့်ပြုချက် ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ထားသည့်မြို့နယ်များတွင် နေထိုင်လျက်ရှိကြသော အငြိမ်းစားဝန်ထမ်းများအား လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကဲ့သို့ ဒေသစရိတ်ခံစားခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံ အတွင်းရှိ နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာနဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသ အဖြစ် သတ်မှတ်ထားတဲ့မြို့နယ်များမှာ နေထိုင်လျက်ရှိကြတဲ့ အငြိမ်းစားဝန်ထမ်းများကို လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများကဲ့သို့ သင့်လျော်သောဒေသစရိတ်ခံစားခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာမှာဆင်းရဲတဲ့ နိုင်ငံများထဲမှာပါဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဆင်းရဲတဲ့နိုင်ငံထဲမှာမှ ဝေးလံခေါင်သီတဲ့ဒေသမှာနေထိုင်ကြတဲ့ ဝန်ထမ်းများနှင့် ပြည်သူများဟာ ပိုပြီးဆင်းရဲကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်က ဝန်ထမ်းတွေကို ဒေသစရိတ် ခံစားခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဟာ နိုင်ငံ့တာဝန်ကို ဘယ်လိုပဲထမ်းဆောင်ခဲ့ ထမ်းဆောင်ခဲ့ အငြိမ်းစားပင်စင်မရဘူးဆိုရင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်လို့ ပြောလို့မရပါဘူး။ နိုင်ငံ့ဝန်ထမ်းလုပ်ခဲ့သူတစ်ဦးဟာ အငြိမ်းစာပင်စင်လစာ ရတယ်ဆိုရင် နိုင်ငံ့တာဝန်ကျေပွန်ခဲ့ပြီးလို့ မှတ်ယူရမှာဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ကျေပွန်ခဲ့လို့ နိုင်ငံတော်မှ စောင့်ရှောက်ခြင်းဖြစ်ပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများကို ဒေသ စရိတ်ခံစားခွင့်ပေးရန် တာဝန်ကျေပြီး အသက်အရွယ်ကြီး အလုပ်အကိုင်မလုပ်နိုင်တော့တဲ့ ပင်စင် ယူရတဲ့ အငြိမ်းစာပင်စင်စားတွေကို နိုင်ငံတော်မှ ပိုပြီးဂရုစိုက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်မဲဆန္ဒနယ်က ပညာရေးဌာနအောင်မှာ တာဝန် ထမ်းဆောင်နေတဲ့ အနိမ့်ဆုံးကျောင်းလုပ်သားတစ်ဦးရဲ့ လစာငွေရရှိမှုကို ဥပမာပေးတင်ပြပါ့မယ်။ အဲဒီ

ကျောင်းလုပ်သားတစ်ဦးဟာ တစ်လမှာအနိမ့်ဆုံးလစာ ၁၄၄၀၀၀ ကျပ်ရတယ်လို့ သိရှိရပါတယ်။ ဒေသခြားပါးစရိတ် ၇၀၀၀၀ ကျပ်ရပြီး တစ်လမှာစုစုပေါင်း ၂၁၄၀၀၀ ကျပ်ရလို့ သူရရှိတဲ့ လစာငွေတွေနဲ့ စားဝတ်နေရေးအဆင်ပြေခဲ့ပါတယ်။ သားသမီးများကိုလည်း အထက်တန်းကျောင်းတွေမှာ ကောင်းမွန်စွာထားနိုင်ခဲ့ပါတယ်။ အဲဒီဝန်ထမ်းဟာ သက်ပြည့်ပင်စင်ယူရတော့ တစ်လမှာ ပင်စင်လစာ ၄၀၀၀၀ ကျော်လောက်ပဲရရှိရပါတော့တယ်။ ဒေသစရိတ် လုံးဝမရရှိသေးပါဘူး။ သက်ပြည့်ပင်စင်ယူတာနဲ့ သားသမီးများကို ကျောင်းဆက်မထားနိုင်တော့တဲ့ အခြေအနေ ရောက်ရှိသွားပါတော့တယ်။ ဒီလိုဖြစ်ရပ်တွေဟာ ဝေးလံခေါင်သီသည့်ဒေသတွေမှာ များပြားစွာရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်သီသည့်ဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းဒေသမှာပဲနေပြီး ပင်စင်ယူသွားကြတဲ့ ပင်စင်စားတွေမှာ အဲဒီဒေသခံတွေပဲ ဖြစ်ကြပါတယ်။ ပင်စင်ယူသွားတဲ့ ပင်စင်စားတွေကို လက်ရှိဝန်ထမ်းတွေထက်ပိုပြီး နိုင်ငံတော်မှ ဂရုစိုက်သင့်ပါတယ်။ ဒါမှလည်း လက်ရှိဝန်ထမ်းတွေဟာ ပင်စင်ယူသွားတဲ့ဝန်ထမ်းတွေကို အတုယူပြီး မိမိတာဝန်ကို ပင်စင်ယူတဲ့နေ့အထိ ကျေပွန်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဝေးလံခေါင်သီသည့်ဒေသရှိ ဝန်ထမ်းများကို ဒေသရှားပါးစရိတ်ခံစားခွင့်ပြုထားသလို နိုင်ငံတော်တာဝန်ကျေပွန်ပြီးဖြစ်တဲ့ ဝေးလံခေါင်သီသည့်ဒေသနေ အငြိမ်းစားပင်စင်စားများကိုလည်း သင့်လျော်တဲ့ဒေသရှားပါးစရိတ်ပေးသင့်ပါကြောင်းနှင့် ဝေးလံခေါင်သီသည့်ဒေသနှင့် အငြိမ်းစားဝန်ထမ်းများအား သင့်လျော်သောဒေသရှားပါးစရိတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်၏ မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာဖြင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ထားသည့်မြို့နယ်များတွင် နေထိုင်လျက်ရှိကြသော အငြိမ်းစားဝန်ထမ်းများအား လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကဲ့သို့ ဒေသစရိတ်ခံစားခွင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲတဲ့ဒေသများမှာ နေထိုင်ကြတဲ့ အငြိမ်းစားဝန်ထမ်းများအပေါ်မှာ စေတနာထားပြီးတော့ မေးမြန်းပေးမှုအပေါ် နားလည်သဘောပေါက်ပါကြောင်း ပြောကြားလိုပါတယ်။

မိမိတို့နိုင်ငံသည် အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာနှင့် ဆုကြေးများအတွက် နိုင်ငံတော်က အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးလျက်ရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာများကို အခါအားလျော်စွာလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့တာများလည်း ရှိပါတယ်။ ယခင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၆-၃-၂၀၀၀ ပြည့်နှစ်ရက်စွဲပါ အမိန့်ကြော်ငြာစာနှင့် လက်ရှိပင်စင်ခံစားနေကြတဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာကို ၎င်းတို့ခံစား

နေတဲ့ ပင်စင်လစာရဲ့နှစ်ဆသို့ ၂၀၀၀ ပြည့်နှစ်ဧပြီလက တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။ ထို့အပြင် ယခင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၃၀-၆-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာနှင့် ၁-၁-၂၀၁၀ ပြည့်နှစ်မတိုင်မီ မြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြသော အငြိမ်းစားလစာခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ပင်စင်လစာကစပြီးတော့ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားများကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့မှာ ကျပ် ၂၀၀၀၀ စီတိုးမြှင့်ပေးခဲ့စဉ်ကလည်းပဲ အငြိမ်းစားများကို လက်ရှိပင်စင်လစာအပြင် တိုးမြှင့်ခွင့်ပြုတဲ့ လစာကျပ် ၂၀၀၀၀ အပေါ်မှာ အချိုးကျတိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်းများလစာနှုန်းထား တိုးမြှင့်ပေးခဲ့စဉ်ကလည်း အငြိမ်းစားများကို လက်ရှိပင်စင်လစာအပြင် ဘဏ္ဍာရေး အခြေအနေအပေါ် မူတည်ပြီးတော့မှ တိုးမြှင့်တဲ့လစာကျပ် ၄၅၀၀၀ အပေါ်မှာ အချိုးကျတိုးမြှင့်ပြီးတော့ ခံစားခွင့်ပြုခဲ့ပါတယ်။ ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့ ဒေသများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၅၂ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ သတ်မှတ်ထားတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများကိုသာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ-၁၅၂ နည်းဥပဒေခွဲ(ခ)ပါပြဋ္ဌာန်းချက်အရ ဒေသစရိတ် သတ်မှတ်ခံစားခွင့်ပြုခြင်းဖြစ်ပါတယ်။ အဆိုပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအရ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ထားသောဒေသများရှိ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများကိုသာ ဥပဒေနှင့်အညီ ဒေသစရိတ်ခံစားခွင့်နှုန်းထားများ သတ်မှတ်ခံစားခွင့်ပြုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသစရိတ်ခံစားခွင့်ပြုခဲ့ခြင်းနှင့် စပ်လျဉ်းပြီးတော့ ယခင်မှတ်တမ်းများအရ ၁၉၄၇ ခုနှစ်မှာ လူမှုရေးခက်ခဲတဲ့ဒေသများရှိ ဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ပြုခဲ့တာရှိပါတယ်။ ၁၉၇၉ ခုနှစ်ကစပြီးတော့ လူမှုရေးအခက်ခဲဆုံးနှင့် လူမှုရေးခက်ခဲသော မြို့နယ်များလို့ ခွဲခြားပြီးတော့ ဒေသစရိတ်ကို ပြင်ဆင်သတ်မှတ်ပြီးတော့ ခံစားခွင့်ပြုတာရှိပါတယ်။ ၁၉၉၃ ခုနှစ်မှာ ဒေသစရိတ်ခံစားခွင့်တွေကို လစာရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ ခံစားခွင့်ပြုခဲ့သူကို တွေ့ရပြီးတော့ ၂၀၁၂ ခုနှစ်မှာ ဝေးလံခေါင်းပါးပြီးတော့ လူမှုရေးခက်ခဲတဲ့ မြို့နယ်များမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများကိုသာ လက်ရှိလစဉ်ထုတ်ယူရရှိတဲ့ လစာနှင့်ညီမျှတဲ့ငွေကို ဒေသစရိတ်ခံစားခွင့်ပြုခြင်းကို တွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့ ဒေသများကို ပြန်လည်သုံးသပ်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးတော့ အမှတ်ပေးစနစ်များဖြင့် စိစစ်သုံးသပ်ရရှိတဲ့ ရမှတ်အပေါ်မှာ အခြေခံပြီးတော့ ယခင်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၆-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)ဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကစပြီးတော့ ယာယီအစီအစဉ်ဖြင့် ခံစားခွင့်ပြုခဲ့တဲ့ ဒေသစရိတ်အပေါ်မှာ လူမှုရေးအသင့်အတင့်ခက်ခဲသော ဒေသ၊ လူမှုရေးခက်ခဲသောဒေသ၊ လူမှုရေးအခက်ခဲဆုံးဒေသဆိုပြီးတော့ အုပ်စုသုံးစုခွဲပြီးတော့ လစာနှုန်းထားများအလိုက်ကို ဒေသစရိတ်ခံစားခွင့်နှုန်းထားများကိုလည်း အုပ်စုအလိုက် ပြင်ဆင်သတ်မှတ်ပြီးတော့ ပေးခဲ့ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ နောက်ဆက်တွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆) ၏ အပိုဒ် ၅(က)မှာ ဒေသစရိတ်

ခံစားခွင့်ရှိတဲ့ မြို့နှင့်ကျေးရွာအုပ်စုများတွင် သွားရောက်နေထိုင်ပြီး တာဝန်ထမ်းဆောင်မှသာလျှင် ဒေသစရိတ်ကိုခံစားခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ ၁၉၄၇ ခုနှစ်ကစပြီးတော့ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများဟာ ဒေသစရိတ်ခံစားခွင့်ရှိတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်တဲ့အချိန်တွင်သာ ဒေသစရိတ်ခံစားခွင့်ရှိမှာဖြစ်ပြီးတော့ ယင်းဒေသကနေ ပြောင်းရွှေ့သွားတဲ့အခါမှာ ခံစားခွင့်မရှိတော့ပါကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၂၄၆ ပါ ပြဋ္ဌာန်းချက်အရ ဆုငွေနှင့်ပင်စင်တွက်ချက်မှုမှာ ဒေသစရိတ်ကို ထည့်သွင်းတွက်ချက်ရခြင်းမရှိဘဲနဲ့ ဝန်ထမ်းရဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ လုပ်သက်နှင့် နောက်ဆုံးထုတ်လစာအပေါ်တွင်သာ အခြေခံပြီးတော့ တွက်ချက်ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်သည် နိုင်ငံတော်ဘတ်ဂျက်က တိုက်ရိုက်ကျခံသုံးစွဲတဲ့စနစ်ဖြစ်ပြီးတော့ နိုင်ငံ့ဝန်ထမ်းများ တိုးတက်ခန့်အပ်လာခြင်း၊ လူတို့၏ မျှော်မှန်းသက်တမ်းတိုးတက်လာခြင်းတို့ကြောင့် ပင်စင်စား အင်အားနှင့် အသုံးစရိတ်မှာလည်းပဲ နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ ၃၁-၃-၂၀၁၈ ရက်နေ့အထိ ပင်စင်စားအင်အားပေါင်း ၉၃၈၅၅၁ ဦးရှိပြီးတော့ ဒီအင်အားဟာဆိုလို့ရှိရင် လက်ရှိဝန်ထမ်းအင်အားနည်းပါးလောက် ရှိနေတဲ့အခြေအနေဖြစ်ပါတယ်။ နိုင်ငံတော်က ကျခံသုံးစွဲရတဲ့ပင်စင်အသုံးစရိတ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၇၄၂ ဘီလီယံရှိပါတယ်။

နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေငွေစာရင်းအနေအထားအရ သုံးငွေက ရငွေထက်ပိုမိုနေသဖြင့် လိုငွေဖြစ်ပေါ်တဲ့ အနေအထားဖြစ်ရာ တည်ဆဲပင်စင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ နိုင်ငံတော်ရဲ့ဘဏ္ဍာရေး အခြေအနေအရလည်းကောင်း ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့ဒေသအဖြစ် သတ်မှတ်ထားတဲ့ မြို့နယ်များမှာ နေထိုင်လျက်ရှိတဲ့ အငြိမ်းစားဝန်ထမ်းများကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကဲ့သို့ ဒေသစရိတ်ခံစားခွင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုတစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ အခုလို ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြားတဲ့အတွက် ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ဒေသစရိတ်ရတဲ့မြို့က သုံးမြို့ပဲရှိပါတယ်။ အဲဒါတွေက ဘူးသီးတောင်မြို့၊ မောင်တောမြို့နဲ့ ကျွန်တော်တို့ မာန်အောင်မြို့နယ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့မာန်အောင်မှာ လက်ရှိဝန်ထမ်းဟာ ၁၇၀၀ ကျော်လောက်ရှိပါတယ်။ အငြိမ်းစားဝန်ထမ်း ကတော့ ၆၅၀ ရှိပါတယ်။ အငြိမ်းစားဝန်ထမ်းဟာ ရာခိုင်နှုန်းအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် ၃၅ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ဒီလို တစ်နိုင်ငံလုံးမှာ ဒေသစရိတ်ခံစားခွင့်ပြုထားတဲ့ အငြိမ်းစား ဝန်ထမ်းဟာလည်း အခု ကျွန်တော်တို့မာန်အောင်လိုပဲ ၃၅ ရာခိုင်နှုန်းပတ်လည်လောက်ပဲ ရှိမယ်လို့ ထင်ပါတယ်။ နိုင်ငံတော်အစိုးရဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အသက် ၉၀ ကျော်တဲ့ အဘိုး၊ အဖွားတွေကို တစ်လကိုတစ်သောင်းကျပ် နောက်တစ်ခါ ကိုယ်ဝန်ဆောင်မိခင်တွေကို ကလေးမွေးပြီး နှစ်နှစ်ပြည့်တဲ့အထိ တစ်လကို ၁၅၀၀၀ ကျပ် ထောက်ပံ့

ပေးထားပါတယ်။ ပြည်သူတွေကိုတောင်မှ ဒီလိုထောက်ပံ့ကြေးပေးရင် ရှားပါးဒေသနှင့် အငြိမ်းစား ဝန်ထမ်းတွေကို သင့်လျော်တဲ့ထောက်ပံ့ကြေး ပေးသင့်တယ်လို့ယူဆပါတယ်။ ဒါကြောင့် ရေနစ်နေတဲ့ သူတစ်ယောက်အတွက် ကောက်ရိုးတစ်မျှင်ဟာ အင်အားတစ်ခုပါ။ ဒါကြောင့် ဝေးလံခေါင်သီဒေသမှာ နေတဲ့ အငြိမ်းစားဝန်ထမ်းတွေကို ၁၀၀၀၀ ကျပ်ဖြစ်ဖြစ်၊ ၁၅၀၀၀ ကျပ်လောက်ဖြစ်ဖြစ် ပေးရင်ကော မရဘူးလားလို့ နောက်ဆက်တွဲအနေနဲ့ ဆက်စပ်မေးခွန်းအနေနဲ့မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီး ခင်ဗျား။ စောစောကကျွန်တော် ရှင်းလင်းတင်ပြသလိုပါပဲ။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ ပင်စင်ဥပဒေ၊ နည်းဥပဒေများအရကတော့ ဒီဒေသစရိတ်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ဆဲဖြစ်ရမှာဖြစ်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာဒေသမှာ သွားရောက်ပြီးတော့ တာဝန်ထမ်းဆောင်တဲ့သူများကသာ ခံစားခွင့်ရှိတဲ့အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသစရိတ် သို့မဟုတ် ထောက်ပံ့ကြေး အစသဖြင့် ဒါမျိုးကို ဥပဒေအရတော့ ကျွန်တော်တို့ ပေးလို့မရတဲ့အနေအထားဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ လူမှုရေးပင်စင်အဖြစ်နဲ့ ကျွန်တော်တို့ ဘတ်ဂျက်ကပဲ ပေးတာပါခင်ဗျာ။ ဘတ်ဂျက်ကပဲ ကယ်ဆယ်ရေးဝန်ကြီးဌာနကို ခွဲဝေ ပေးပြီးတော့ ဒီခွဲဝေပေးမှုနှင့် အသက် ၈၀ အခုဆိုရင်ကျွန်တော်တို့ အသက် ၈၅ ပေါ့။ အရင်တုန်းက ၉၀။ အခုဆိုရင် ၈၅ အထက် အဘိုးအဘွားများကို ကျွန်တော်တို့ လစဉ်ထောက်ပံ့ငွေအဖြစ်နှင့် နိုင်ငံတော်ကပဲပေးနေတာဖြစ်ပါတယ်။ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ဖြစ်သော ၁၉-၆-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၆-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်ကိုးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်၍ လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်(၆၈)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟက တင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၉-၃-၂၀၁၇

ရက်နေ့က စတင်တင်သွင်းခဲ့ပြီးတော့ ၃-၈-၂၀၁၇ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ဖြစ်တဲ့ ၁၉-၆-၂၀၁၈ ရက်(အင်္ဂါနေ့)မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၁-၆-၂၀၁၈ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်-

| | |
|---|---|
| (က) ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ်၊ |
| (ခ) ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ်၊ |
| (ဂ) ဦးအောင်သန်းစိန် | ခန္တီးမဲဆန္ဒနယ်၊ |
| (ဃ) ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ်၊ |
| (င) ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ်၊ |
| (စ) ဦးအောင်နိုင် | မိုးကုတ်မဲဆန္ဒနယ်၊ |
| (ဆ) ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး | မိုင်းရှူးမဲဆန္ဒနယ်၊ |
| (ဇ) ဦးလမာနော်အောင် | အင်ဂျန်းယန်မဲဆန္ဒနယ်၊ |
| (ဈ) ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနားမဲဆန္ဒနယ်။ |

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၄-၈-၂၀၁၈ ရက်(အင်္ဂါနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်တွင် ပြင်ဆင်အတည်ပြုခဲ့တဲ့ ပြင်ဆင်ချက်များအနက် (၆၈)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူလက်ခံရရှိခဲ့ပြီးတော့ ပြင်ဆင်ချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက် (၆၈)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၉ | ၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀ | အခန်း(၁) ခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) (ဃ) (င)(စ)နှင့်(ဆ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)နှင့်(ဋ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ်ခွဲ(ဒ)၊ အပိုဒ်ခွဲ(န)၊ အပိုဒ်ခွဲ(ဖ)(ဗ)နှင့်(ဘ) |
| (ခ) | ၁၀ မှ ၁၁ | ၂၂၊ ၂၃၊ ၂၅၊ ၂၈ | အခန်း(၂) ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ) |
| (ဂ) | ၁၂ မှ ၁၆ | ၂၉၊ ၃၀၊ ၃၂၊ ၃၃၊ ၃၄၊ ၃၆ | အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)(ဃ) (င)နှင့်(စ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈ |
| (ဃ) | ၁၆ | ၃၇၊ ၃၉ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ) |
| (င) | ၂၁ | ၅၀ | အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ) |
| (စ) | ၂၄ မှ ၃၄ | ၅၄၊ ၅၉၊ ၆၀၊ ၆၂၊ ၆၄၊ ၆၆၊ ၆၈၊ ၇၀၊ ၇၇၊ ၇၈ | အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁၊ အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)(င)နှင့်(စ)၊ အပိုဒ်ခွဲ(ဆ) အပိုဒ်ခွဲငယ်(၇)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ |
| (ဆ) | ၃၄ မှ ၃၆ | ၈၁၊ ၈၃၊ ၈၆ | အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)နှင့်(င) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဇ) | ၃၉ မှ ၄၁ | ၈၈၊ ၈၉၊ ၉၁၊ ၉၃၊ ၉၄၊ ၉၆၊ ၉၈ | အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၃၁ ခြေဆင်း၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(င) |
| (ဈ) | ၄၂ မှ ၄၄ | ၉၄၊ ၁၀၁၊ ၁၀၄၊ ၁၀၅ | အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ |
| (ည) | ၄၄ မှ ၄၈ | ၁၀၆၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၃၊ ၁၁၆ | အခန်း(၁၀) ခေါင်းစဉ်၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(င)နှင့်(စ)၊ အပိုဒ်ခွဲ(ဈ)(ည) နှင့်(ဋ) |

| | | | |
|---|---|---|---|
| (ဍ) | ၅၆ မှ ၅၇ | ၁၄၀၊ ၁၄၁၊ ၁၄၂ | အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အခန်း(၁၄) ခေါင်းစဉ် |
| (ဎ) | ၆၀ မှ ၆၄ | ၁၅၀၊ ၁၅၃၊ ၁၅၅၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀ | အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၅ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၆၄၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူညီတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် (၆၈)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း သဘောတူညီပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၆၈)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၆၈)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်(၆၈)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၉၂)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယင်းအစည်းအဝေးရဲ့ ညှိနှိုင်းသဘောတူဆုံးဖြတ်ချက်အရ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်(၉၂)ချက်ရှိပြီးတော့ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၉၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၁၀ | ၁၊ ၃၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၄၊ ၁၆၊ ၁၇၊ ၁၉၊ ၂၁ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)။ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ (ဏ)နှင့် (တ)၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲ(ဓ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(န)နှင့်(ပ) တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ပ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(မ) |
| (ခ) | ၁၀ မှ ၁၁ | ၂၄၊ ၂၆၊ ၂၇ | အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င) |
| (ဂ) | ၁၂ မှ ၁၆ | ၃၁၊ ၃၅၊ ၃၈ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၊ အပိုဒ် ၉ အပိုဒ်ခွဲ(က) |
| (ဃ) | ၁၇ မှ ၂၅ | ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၁၊ ၅၂၊ ၅၃၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈ | အခန်း (၅) ခေါင်းစဉ်အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၉ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၀ |
| (င) | ၂၆ မှ ၃၄ | ၆၁၊ ၆၃၊ ၆၅၊ ၆၇၊ ၆၉၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၉ | အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဆ) အပိုဒ်ခွဲငယ် (၁) (၂) (၃) (၄) (၆) နှင့်(၆)၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ်ခွဲ(ဂ) ခြေဆင်း၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၂)၊ အပိုဒ်ခွဲငယ်(၃)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄)ကိုပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲငယ်(၄)၊ အမျိုးသားလွှတ်တော်၏ အတည်ပြု |

| | | | |
|---|---|---|---|
| | | | ချက် အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၆)နှင့် (၇)တို့ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (စ) | ၃၄ မှ ၃၉ | ၈၀၊ ၈၂၊ ၈၄၊ ၈၅၊ ၈၇ | အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၀ |
| (ဆ) | ၃၉ မှ ၄၁ | ၉၀၊ ၉၂၊ ၉၅၊ ၉၇ | အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ) |
| (ဇ) | ၄၂ မှ ၄၃ | ၁၀၀၊ ၁၀၂၊ ၁၀၃ | အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ |
| (ဈ) | ၄၄ မှ ၄၈ | ၁၀၇၊ ၁၁၁၊ ၁၁၂၊ ၁၁၄၊ ၁၁၅၊ ၁၁၇ | အပိုဒ် ၄၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဌ) |
| (ည) | ၄၉ မှ ၅၀ | ၁၁၈၊ ၁၂၀၊ ၁၂၁၊ ၁၂၃ | အခန်း(၁၁) ခေါင်းစဉ်၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၄၊ အပိုဒ် ၄၅ ခြေဆင်း အပိုဒ်ခွဲ(က) နှင့် (ခ)၊ အပိုဒ် ၄၆ ခြေဆင်း |
| (ဋ) | ၅၀ မှ ၅၂ | ၁၂၆၊ ၁၂၈၊ ၁၂၉ | အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ) နှင့် (ဂ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၄ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း |
| (ဌ) | ၅၂ မှ ၅၆ | ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉ | အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ ခြေဆင်း၊ အပိုဒ် ၅၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄ |
| (ဍ) | ၅၇ မှ ၆၃ | ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၁၊ ၁၅၂၊ ၁၅၄၊ ၁၅၆ | အပိုဒ် ၅၇ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၈၊ အသစ်ဖြည့် စွက်ချက် အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၅၊ အပိုဒ် ၆၇ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်(၉၂)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထား ပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အတိုင်း သဘောတူညီပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၉၂)ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၉၂)ချက်သည် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း မပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များ ကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်က မတူကွဲပြားသော လုပ်ငန်းသဘာဝရှိကြသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများအား သဘာဝအားဖြင့် တူညီသောလုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနှင့် ဆီလျော်သော ပြုပြင်ပြောင်းလဲရေးမူဝါဒများချမှတ်ပြီး အားလုံးကို လွှမ်းခြုံနိုင်သည့်နိုင်ငံပိုင်လုပ်ငန်း ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မဟာဗျူဟာ တစ်ရပ်ချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမဲဆန္ဒနယ်က ဒေါက်တာဒေါ်သက်သက်ခိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဒေါ်သက်သက်ခိုင် အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မတူကွဲပြားတဲ့ လွှတ်တော်သဘာဝရှိကြတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများကို သဘာဝအားဖြင့်တူညီသော လုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနဲ့ဆီလျော်တဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒများချမှတ်ပြီး အားလုံးကိုလွှမ်းခြုံနိုင်တဲ့ နိုင်ငံပိုင်လုပ်ငန်းပြုပြင်ပြောင်းလဲရေးစီမံချက်နဲ့ မဟာဗျူဟာတစ်ရပ်ချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းသွားမှာဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ယခုအဆိုကိုတင်သွင်းရခြင်းဟာ နိုင်ငံပိုင်လုပ်ငန်းအများစုအရှုံး ပေါ်နေပြီး ၎င်းအရှုံးပေါ်ခြင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနေရခြင်းနှင့် နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်းများရဲ့ ပိုင်ဆိုင်မှုပုံစံများယွင်းနေခြင်းတို့ကြောင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ ကမ္ဘာ့ဘဏ်ကထုတ်ပြန်တဲ့ မြန်မာ့စီးပွားရေးလေ့လာစောင့်ကြည့်ခြင်းအစီရင်ခံစာ အရ ၂၀၁၇ ခုနှစ်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းပေါင်း ၃၂ ခုရှိပြီး နိုင်ငံပိုင်လုပ်ငန်းများမှာ အလုပ်အကိုင်အားဖြင့် ၁၄၅၀၀၀ ကျော်ခန့်ရှိပြီး ပြည်သူ့ဝန်ထမ်းအားလုံးရဲ့ ၁၅ ရာခိုင်နှုန်းနဲ့ တစ်ပြည်လုံးမှာအလုပ်လုပ်ကြတဲ့လုပ်သား ၂၂.၇ သန်းရဲ့ ၁ ရာခိုင်နှုန်းအောက်မှာရှိပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းကြီးများဟာ လုပ်ငန်းသဘာဝအားဖြင့် လွန်စွာခြားနားကြပြီး ၎င်းလုပ်ငန်းကြီးများကတော့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပို့ဆောင် ဆက်သွယ်ရေးနှင့် လျှပ်စစ်မီးလင်းရေးကဲ့သို့ ပြည်သူအများလိုအပ်နေတဲ့အခြေခံအဆောက်အအုံနဲ့ ဆိုင်တဲ့လုပ်ငန်းများနဲ့ အကြီးစားစက်မှုလုပ်ငန်းအပါအဝင် အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့ စက်မှု လုပ်ငန်းများနဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့နဲ့ဆိုင်တဲ့ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းလုပ်ငန်းများဆိုပြီး အမျိုးအစားစုံလင်လှပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ဝင်ငွေ/ထွက်ငွေဟာ အစိုးရတစ်ရပ် လုံးရဲ့ဝင်ငွေနဲ့ အသုံးစရိတ်တွေအားလုံးရဲ့ သုံးပုံတစ်ပုံကျော်လွန်နေပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေပါတယ်။ လွန်ခဲ့တဲ့လေးနှစ်အတွင်းမှာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများရဲ့ဝင်ငွေနဲ့အသုံးစရိတ်စုစုပေါင်းဟာ GDP ရဲ့ ၃၅ နှင့် ၄၅ ရာခိုင်နှုန်းကြားမှာရှိခဲ့ပြီး

နိုင်ငံပိုင်လုပ်ငန်းများရဲ့ရောင်းရငွေဟာ GDP ရဲ့ ၇ ရာခိုင်နှုန်းသာရှိတာကို တွေ့ရပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများရဲ့ အကြမ်းအမြတ်နဲ့ အသားတင်အမြတ်ဟာလည်း ကဏ္ဍတိုင်းမှာကျဆင်းလာတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံပိုင်စီးပွားရေးကဏ္ဍမှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းငွေဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပြန်လည်ထုတ်ယူသုံးစွဲငွေထက် နိမ့်ကျလာလို့ နိုင်ငံပိုင်စီးပွားရေးကဏ္ဍရဲ့အရှုံးပမာဏဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ GDP ရဲ့ ၀.၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၎င်းပမာဏကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ကျခံသုံးစွဲနေရလို့ တိုင်းပြည်အတွက် ဘဏ္ဍာရေးအရ ဝန်ထုပ်ဝန်ပိုးဖြစ်လို့နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အထောက်အပံ့ရယူခြင်း နည်းနိုင်သမျှနည်းပြီး လုပ်ငန်းအလိုက် ဘဏ္ဍာရေးအရ လွတ်လပ်စွာစီမံခန့်ခွဲနိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု တချို့တစ်ဝက်ကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲမှုတွေကတော့ နံပါတ်(၁) နိုင်ငံပိုင်စီးပွားရေးတစ်ခုစီအတွက် မြန်မာ့စီးပွားရေးဘဏ်မှာ ဘဏ်စာရင်း(State Economic Enterprise-SEE)အကောင့်အပြင် အသားတင်အမြတ်များကို ထိန်းသိမ်းထားနိုင်ဖို့ လုပ်ငန်းတစ်ခုစီအတွက် ဌာနရဲ့လုပ်ငန်းပိုင်ဘဏ်စာရင်း(Other Account)တစ်ခုစီကို ဖွင့်လှစ်ခွင့်ပေးခဲ့ပါတယ်။ နံပါတ်(၂)အနေနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ သာမန်အသုံးစရိတ်များအတွက် လှည့်ပတ်ရင်းနှီးငွေလုံလောက်မှုရှိခြင်း/မရှိခြင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးရတဲ့ငွေပမာဏတွေပေါ်မှာမူတည်ပြီး နိုင်ငံပိုင်လုပ်ငန်းများကို အဆင့်ခွဲခြားသတ်မှတ်ခဲ့ပါတယ်။ နံပါတ်(၃) ပြုပြင်ပြောင်းလဲမှုအနေနဲ့ နိုင်ငံပိုင်လုပ်ငန်းများအချင်းချင်းသော်လည်းကောင်း၊ နိုင်ငံတော်ပိုင်ဘဏ်များမှသော်လည်းကောင်း ငွေချေးယူခြင်းကိုရပ်တန့်စေခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာစတင်ခဲ့တဲ့ နိုင်ငံပိုင်လုပ်ငန်းပြုပြင်ပြောင်းလဲရေးဟာ ရည်ရွယ်ချက်ကောင်းများနဲ့ဆောင်ရွက်ခဲ့ပေမဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများစုဟာ အရှုံးပေါ်နေကြပြီး အခြေခံအဆောက်အအုံနဲ့ဆိုင်တဲ့ နိုင်ငံပိုင်လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်စရိတ်မြင့်တက်လာပြီး သဘာဝသယံဇာတရောင်းရငွေကျဆင်းလာတဲ့အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအားလုံးရဲ့စုစုပေါင်းအရှုံးငွေဟာ တိုင်းပြည် GDP ရဲ့ ၀.၇ ရာခိုင်နှုန်းအထိတိုးမြှင့်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ ထုတ်လုပ်မှုနဲ့ ပြိုင်ဆိုင်မှုစွမ်းအားများကျဆင်းနေပြီး လုပ်ငန်းဆောင်ရွက်မှုစရိတ်စကများတိုးလာခြင်းတို့ကြောင့် အမြတ်အစွန်းရရှိနိုင်စွမ်းတွေ ကျဆင်းနေတဲ့အတွက် နိုင်ငံပိုင်စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးကို စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား နိုင်ငံပိုင်စီးပွားရေးကဏ္ဍတစ်ခုလုံးရဲ့ ပိုင်ဆိုင်မှုပုံစံ၊ စီမံခန့်ခွဲခြင်းနှင့် ကြပ်မတ်စစ်ဆေးခြင်းတို့အတွက် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ကြပ်မတ်ဖို့လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒုတိယအချက်အနေနဲ့ ၎င်းနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများကသာ ပိုင်ဆိုင်ကြတဲ့အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် ချမှတ်ထားတဲ့ဥပဒေများနဲ့သာ ထိန်းကျောင်းနေတာဖြစ်ပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ကြပ်မတ်ထိန်းကျောင်းခြင်းဟာ ဝန်ကြီးဌာနအလိုက် ပြန့်ကျဲနေပြီး စာရင်းစစ်ဆေးခြင်းနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို အစီရင်ခံခြင်းအရည်အသွေးဟာလည်း နိုင်ငံတကာစံချိန်စံညွှန်းများထက် များစွာနိမ့်ကျလျက်ရှိပြီး

လုပ်ငန်းတစ်ခုချင်းစီရဲ့ဘဏ္ဍာရေးအရစွန့်စားရမှုများကို ထင်ဟပ်နိုင်ခြင်းမရှိတာကို တွေ့ရတဲ့အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများရဲ့စီမံခန့်ခွဲခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပြီး ပိုင်ဆိုင်မှု၊ ကြပ်မတ်ထိန်းကျောင်းခြင်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပြောင်းလဲဖို့ လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကမ္ဘာ့ဘဏ်ရဲ့အကြံပေးချက်အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများကို အောက်ပါအတိုင်းအုပ်စုခွဲသတ်မှတ်ပြီး ၎င်းအုပ်စုတစ်ခုချင်းစီအတွက် ဆီလျော်တဲ့မူဝါဒနဲ့ မဟာဗျူဟာများချမှတ်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်သင့်ပါတယ်။ အုပ်စုနံပါတ်(၁)အနေနဲ့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းကြီးများ၊ အုပ်စုနံပါတ်(၂) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အထောက်အပံ့တစ်စုံတစ်ရာမယူဘဲ စီးပွားရေးအရတွက်ခြေကိုက်တဲ့လုပ်ငန်းများ၊ အုပ်စုနံပါတ်(၃) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအထောက်အပံ့အချို့နဲ့ လျှပ်စစ်မီးလင်းရေး၊ သယ်ယူပို့ဆောင်ရေးကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုများပေးရန် လည်ပတ်နေရတဲ့လုပ်ငန်းကြီးများနဲ့ အုပ်စုနံပါတ်(၄) အရှုံးပေါ်လို့ဆက်လက်မရှင်သန်နိုင်တော့တဲ့လုပ်ငန်းများဆိုပြီး လုပ်ငန်းအုပ်စုလေးခုအဖြစ် ထွက်ပေါ်လာမှာဖြစ်ပါတယ်ရှင်။ နံပါတ်(၂)ပြုပြင်ပြောင်းလဲမှုအနေနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတိုင်းရဲ့ စွမ်းဆောင်ရည်အကဲဖြတ်စောင့်ကြည့်ခြင်း အားကောင်းလာဖို့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ စာရင်းအင်းတည်ထောင်အသုံးပြုခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်းကို အဆင့်မြင့် IT နည်းပညာအသုံးပြုခြင်းတို့ဖြင့် စွမ်းဆောင်ရည်နဲ့ ဘဏ္ဍာရေးအစီရင်ခံခြင်းများနဲ့ အကောင်အထည်ဖော်သင့်ပါတယ်။ နံပါတ်(၃) ပြုပြင်ပြောင်းလဲမှုအနေနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုခြင်းစီအတွက် ဆီလျော်တဲ့အမြတ်ခွဲဝေမှု မူဝါဒကို လက်ရှိဘဏ္ဍာရေးအခြေအနေ နောင်လာမယ့်အလားအလာနဲ့ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ပေါ်မူတည်ချမှတ်သင့်ပါတယ်။ နောက်ဆုံးနဲ့ အရေးကြီးဆုံးပြုပြင်ပြောင်းလဲမှုကတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကပိုင်ဆိုင်နေခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရကိုယ်စား ပိုင်ရှင်အနေနဲ့ ကြပ်မတ်ထိန်းကျောင်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အချုပ်အားဖြင့်ပြောရရင် နိုင်ငံပိုင်စီးပွားရေးကဏ္ဍကြောင့်ဖြစ်ပေါ်နေတဲ့ ဘဏ္ဍာရေးဖိအားများကိုဖြေလျှော့နိုင်ဖို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာစတင်ခဲ့တဲ့ နိုင်ငံပိုင်စီးပွားရေး ပြုပြင်ပြောင်းလဲခြင်းရဲ့အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ဖို့၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ ပိုင်ဆိုင်မှု၊ ကြပ်မတ်ထိန်းကျောင်းမှုနဲ့ စီမံခန့်ခွဲမှု မှန်ကန်ထိရောက်စေဖို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအားလုံးကို လွှမ်းခြုံနိုင်တဲ့အလုံးစုံပြုပြင်ပြောင်းလဲမှုစီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့မှာ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သက်သက်ခိုင် တင်သွင်းသွားတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအဆိုနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးကို မတင်ပြခင်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ သမိုင်းအကျဉ်းချုပ်ကို အနည်းလေးတင်ပြခွင့်ပြုပါ ခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးမရခင် ဗြိတိသျှအုပ်စိုးမှုအောက်မှာရှိနေတဲ့အချိန် မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေအများကြီး နိုင်ငံခြားသားတွေလာပြီးတော့ ရင်းနှီးမြှုပ်နှံတာ တွေလုပ်ပါတယ်။ ဥပမာဆိုရင် စိုက်ပျိုးရေးကဏ္ဍမှာဆိုရင် အင်္ဂလန်ကဘဏ်တွေလာပြီးတော့ မြန်မာ နိုင်ငံမှာတောင်သူတွေကို ငွေချေးပါတယ်။ တိုက်ရိုက်ချေးတာတော့ မဟုတ်ပါဘူး။ အားလုံးသိကြတဲ့ အတိုင်း ချစ်တီးတွေကနေတစ်ဆင့် ငွေချေးတဲ့လုပ်ငန်းတွေလုပ်ကြတဲ့အခါမှာ ဒီဘဏ်တွေက အကျိုး အမြတ်အများကြီးရပါတယ်။ အဲဒီဘဏ်တွေဟာ ကျွန်တော်တို့ ဒီနေ့ခေတ်မှာလို နိုင်ငံပိုင်ဘဏ်တွေ မဟုတ်ပါဘူး။ ဗြိတိသျှတွေက ပုဂ္ဂလိကပိုင်ဆိုင်မှုကို အားပေးတဲ့အတွက် အဲဒီဘဏ်တွေအားလုံးဟာ ပုဂ္ဂလိကဘဏ်တွေဖြစ်ပါတယ်။ အဲဒီတော့လုပ်ငန်းအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင်တော့ ဒီလုပ်ငန်းတွေ က အကျိုးအမြတ်အများကြီးရပါတယ်။ တကယ်လည်းမြတ်ပါတယ်။ အဲဒီလိုပဲ နောက် ဒီရေနံထုတ် လုပ်တဲ့လုပ်ငန်းမှာဆိုလို့ရှိရင် BOC ကုမ္ပဏီ၊ BOC က ဗြိတိသျှအစိုးရပိုင်တဲ့ ကုမ္ပဏီမဟုတ်ပါဘူး။ ပုဂ္ဂလိကကုမ္ပဏီပဲ ဖြစ်ပါတယ်။ အဲဒီတော့ BOC ကုမ္ပဏီကလည်း အကျိုးအမြတ်အများကြီးရပါတယ်။ သို့သော် ကုမ္ပဏီတွေ ပုဂ္ဂလိကပိုင်ဆိုင်တဲ့ လုပ်ငန်းတွေက အကျိုးအမြတ်အများကြီးရနေပေမဲ့လို့ အဲဒီမှာဝင်လုပ်နေကြတဲ့ အလုပ်သမားတွေ၊ လယ်သမားတွေရဲ့အခြေအနေက တော်တော်လေးကို ဆိုးရွားနေခဲ့ပါတယ်။ လွတ်လပ်ရေးမတိုင်မီခေတ်တုန်းက။ အဲဒီတော့ အဲဒီအခြေအနေတွေကို ရိတ်မိတဲ့ လွတ်လပ်ရေးကြိုးပမ်းတဲ့ ခေါင်းဆောင်များက အဲဒီခေတ်က ဆိုရှယ်လစ်ကွန်မြူနစ်ဝါဒတွေရဲ့ ရိုက်ခတ် မှုတွေလည်းပါတာပေါ့။ အဲဒီလုပ်ငန်းတွေက ဒီလိုသာပုဂ္ဂလိကပိုင်လုပ်ငန်းတွေကို လုပ်နေမယ်ဆိုလို့ ရှိရင် တစ်ချိန်ငါတို့လွတ်လပ်ရေးရတဲ့အခါမှာ တိုင်းပြည်အတွက် အခက်အခဲဖြစ်လာနိုင်တယ်။ လူတစ်စုအတွက်ပဲ ဒီလုပ်ငန်းတွေက အကျိုးရှိနိုင်တယ်။ ဒါကြောင့်မို့လို့ တစ်ချိန်လွတ်လပ်ရေးရတဲ့ အခါကျရင် နိုင်ငံပိုင်လုပ်ငန်းတွေ တည်ထောင်ရမယ်။ နိုင်ငံတော်ကနေ အရင်းအနှီးတွေစိုက်ထုတ်ပြီး တော့ အဲဒီလုပ်ငန်းတွေမှာ လာလုပ်တဲ့ပြည်သူတွေအားလုံးကလည်း နိုင်ငံတော်ကနေပြီးတော့ ထောက်ပံ့ပေးမယ်ဆိုတဲ့ အတွေးအခေါ်တွေ ကျွန်တော်တို့ ရှိခဲ့ပါတယ်။

အဲဒီတော့ လွတ်လပ်ရေးရရပြီးခြင်းမှာ ပထမဆုံးသိသာတဲ့ နိုင်ငံပိုင်ပြုလုပ်ရေးပြောင်းလဲမှု တစ်ရပ်အနေနဲ့ လယ်ယာကဏ္ဍကိုစပြီးတော့ ပြောင်းပါတယ်။ ၁၉၅၃ ခုနှစ်မှာ လယ်မြေများနိုင်ငံပိုင် ပြုလုပ်ရေးဥပဒေကိုပြဋ္ဌာန်းပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြေရှင်တွေ၊ ကုမ္ပဏီတွေစီက လယ်တွေ အားလုံးကို နိုင်ငံတော်ကနေပြီးတော့ သိမ်းယူလိုက်ပြီးတော့ အဲဒီလယ်မြေတွေကို တောင်သူ လယ်သမားတွေကိုပြန်ပြီးတော့ ခွဲဝေပေးပါတယ်။ ဒီလိုခွဲဝေပေးလိုက်တာဟာ အတိုင်းအတာတစ်ခု အထိတော့ အောင်မြင်မှုရခဲ့တဲ့အတွက်ကြောင့်မို့လို့ နောက်ပိုင်းတက်လာတဲ့အစိုးရ ၁၉၆၂ ခုနှစ်မှာ တက်လာတဲ့ တော်လှန်ရေးကောင်စီလက်ထက်မှာ နိုင်ငံပိုင်ပြုလုပ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန် မြှင့်ပြီးတော့ လုပ်ဆောင်ပါတယ်။ ဘဏ်တွေအားလုံးကိုလည်း ပြည်သူပိုင်သိမ်းလိုက်တယ်။ တစ်နည်းအားဖြင့်တော့ အစိုးရပိုင်၊ နိုင်ငံတော်ပိုင်ပြုလုပ်လိုက်တယ်။ ကျန်တဲ့လုပ်ငန်းတွေအားလုံး

ကိုလည်း အစိုးရပိုင်၊ နိုင်ငံတော်ပိုင်ပြုလုပ်တဲ့အခါကျတော့ ဒီစနစ်ကြီးနဲ့ဆက်သွားပြီးတော့ ကုန်ထုပ်လုပ်မှုလုပ်ငန်းတွေကျဆင်းလာခဲ့တယ်။ အဲဒီတော့ အခြေခံစားသုံးကုန်တွေ ရှားပါးလာခဲ့တယ်။ အဲဒီတော့ ၁၉၈၈ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံရေးအပြောင်းအလဲဖြစ်တဲ့အခါမှာ နောက်တက်လာတဲ့ အစိုးရတွေက ဒီဆိုရှယ်လစ်စနစ်မှာယူဆထားတဲ့ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတွေကို မလုပ်တော့ဘဲနဲ့ ပြည်သူလူထု ပုဂ္ဂလိကလက်ထဲကို ဒီလုပ်ငန်းတွေကို ပြန်ပြီးတော့ လွှဲပြောင်းပေးခဲ့ပါတယ်။ တော်တော်များများလည်း လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ အခုအချိန်မှာဆို ပုဂ္ဂလိကပိုင်ဆိုင်မှုတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေ ပေါ်ပေါက်ပြီးဖြစ်ပါတယ်။ သို့သော် ဒီထဲမှာ မလွှဲသာ မရှောင်သာလို့ အစိုးရအဆက်ဆက်ကနေ ဒီ ၁၉၈၈ ခုနှစ်ကနေ ဒီနေ့ထက်ထိဆို နှစ်ပေါင်း ၃၀ ကာလအတွင်းမှာ အစိုးရအဆက်ဆက်ကနေ ကိုင်ထားရတဲ့လုပ်ငန်းပေါင်း အစိုးရရဲ့တရားဝင် ကိန်းဂဏန်းတွေက ၃၀ ကျော်လောက်ရှိပါတယ်။ အဲဒီတော့ ဘာထူးခြားမှုမရှိဘူးလဲဆိုတော့ ဒီ ၁၉၈၈ ခုနှစ် မတိုင်ခင်တုန်းက မဆလလက်ထက်ကတည်းက ပုံစံအတိုင်းပဲ ဒီနေ့ကျွန်တော်တို့နှစ် ၃၀ ကြာတဲ့အထိ တချို့လုပ်ငန်းတွေက ဆက်ပြီးတော့ရှုံးနေပါတယ်။ အဲဒီတော့ ဒီနေရာမှာ ပြောစရာတွေက တချို့ကလည်း စိုးရိမ်ကြတယ်ပေါ့။ ဒီတချို့လုပ်ငန်းတွေကို ပုဂ္ဂလိကလက်ထဲကိုလွှဲလိုက်လို့ရှိရင် ပြည်သူလူထုက စျေးကြီးပေးပြီးတော့ ဒီဝန်ဆောင်မှုတွေ သုံးနေရမယ်။

နောက်တစ်ခါ နိုင်ငံတော်ရဲ့လုံခြုံရေးအတွက် အရေးကြီးတဲ့လုပ်ငန်းတွေ ဥပမာဆိုကြပါစို့ မီးရထားလုပ်ငန်းကိုသာ ပုဂ္ဂလိကကို လွှဲလိုက်မယ်ဆိုလို့ရှိရင် မီးရထားစီးတဲ့လူတွေက စရိတ်စကတွေ ကြီးမြင့်လာမယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့နေရာတွေကို ဒီကုမ္ပဏီပိုင်ဖြစ်တဲ့အတွက် မီးရထားတွေမဆွဲဘူး။ မပြေးဘူးဆိုလို့ရှိရင် အဲဒီဒေသက ပြည်သူတွေအတွက်က ရထားဝန်ဆောင်မှုကိုမရတဲ့အခြေအနေမျိုးတွေ ဖြစ်လာနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလိကသည် အကျိုးအမြတ်အတွက် ရည်ရွယ်ပြီးတော့လုပ်တာဖြစ်တဲ့အတွက်။ အဲဒီတော့ နိုင်ငံတော်ကနေပြီးတော့ တချို့လုပ်ငန်းတွေကို ဆက်ပြီးတော့ထိန်းထားရမယ်ဆိုတဲ့ အမြင်တွေလည်းရှိပါတယ်။ တချို့ကလည်းမဟုတ်ဘူး။ ဒီလုပ်ငန်းတွေက ဥပမာဆိုကြပါစို့ စက်မှုလုပ်ငန်း။ စက်မှုဝန်ကြီးဌာနရဲ့ ဒီနှစ်အရှုံးက မီးရထားရဲ့ အရှုံးကလည်း ဘီလီယံ ၈၀ လောက်ရှိသလို စက်မှုဝန်ကြီးဌာနရဲ့အရှုံးကလည်း ဘီလီယံ ၁၀၀ နည်းပါးလောက်ရှိပါတယ်။ အဲဒီတော့ ဒီစက်မှုလုပ်ငန်းက ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေကို လိုက်ပြီးတော့လေ့လာတဲ့အခါမှာ တရုတ်တို့၊ ဗီယက်နမ်တို့မှာ စက်မှုလုပ်ငန်းတွေက နိုင်ငံတော်က ကိုင်ထားပါတယ်။ သို့သော်လည်း အဲဒီနိုင်ငံတွေ မှာကျွန်တော်တို့ မြတ်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာသာ ရှုံးနေတာပါ။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံပိုင်လုပ်ငန်းတွေရဲ့ အရှုံးကလည်း ဘယ်လောက်ရှိနေသလဲဆိုတော့ အခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘီလီယံပေါင်း ၈၃၃ ဘီလီယံရှုံးမယ်ဆိုပြီးတော့ ကျွန်တော်ခန့်မှန်းထားပါတယ်။ ဒီပမာဏက တော်တော့်ကိုများတဲ့ ပမာဏဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးဝကနေပြီးတော့ ခန္တီးအထိ ရာသီမရွေးသွားလာနိုင်တဲ့ မော်တော်ကားလမ်းကြီးဖောက်လုပ်မယ်ဆိုရင်တောင်မှ ဘီလီယံ ၃၀၀ ပဲကုန်တဲ့အချိန်မှာ ဒီနိုင်ငံပိုင်လုပ်ငန်းများရဲ့ နှစ်စဉ်အရှုံးဟာ ဘီလီယံ ၈၃၃ ဘီလီယံဖြစ်နေတဲ့အတွက် တော်တော့်ကိုများပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပြည်သူလူထုဆီက ကောက်လို့ရတဲ့အခွန်တွေက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကနေ အရှုံးထဲကို ကျွန်တော်တို့ ပြန်ပြန်ထည့်နေရတာနဲ့ ရှေ့ကိုမရောက်တော့ဘူးဖြစ်နေတယ်။

နောက်ကနေ ခဲနဲ့ဆွဲထားသလို ရှေးတိုးတက်ရေးလုပ်ငန်းတွေကို အနှောင့်အယှက်ဖြစ်နေပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီနေ့တင်သွင်းတဲ့အဆိုက ဒီနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေးလုပ်ရမယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ကြတဲ့နေရာ မှာဒီအဆိုမှာလည်းပါပါတယ်။ မတူကွဲပြားသောလုပ်ငန်းတွေကို မတူကွဲပြားတဲ့ မူဝါဒတွေချမယ်။ ဒါကိုလည်း လက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့လုပ်ငန်းတွေက စောစောနကပြောခဲ့သလို နိုင်ငံတော်ရဲ့တည်ငြိမ်ရေးကို ထိခိုက်လာနိုင်တယ်။ တချို့လုပ်ငန်းတွေက။ တချို့လုပ်ငန်းတွေကကျတော့ ပုဂ္ဂလိကကိုလွှဲလိုက်လို့ ရှိရင် ဘာမှပြဿနာမရှိဘူး။ ပိုပြီးတော့ အကျိုးရှိလာနိုင်ပါတယ်။ ဒီလိုလုပ်ငန်းတွေရှိပါတယ်။

အဲဒီတော့ ပထမဆုံးရည်ရွယ်ချက်ကတော့ စောကနပြောခဲ့သလို ကျွန်တော်တို့က နိုင်ငံတော်က ကိုင်ထားတဲ့ကိစ္စကိုလည်း ကျွန်တော်တို့က မေးခွန်းထုတ်နေတာမဟုတ်ပါဘူး။ နိုင်ငံတော်ကပဲ ကိုင်ထားကိုင်ထား၊ ပုဂ္ဂလိကကပဲကိုင်ထားကိုင်ထား၊ နောက်တစ်ခါ နိုင်ငံခြားသာကို ဒီနေ့ခေတ်မှာ ရင်းနှီးမြှုပ်နှံပြီးတော့ နိုင်ငံခြားသားကပဲ ဝင်ပြီးတော့ ဒီလုပ်ငန်းကိုလုပ်တယ်လို့။ ဈေးကွက်စီးပွားရေး စနစ်မှာ အဓိကရည်ရွယ်ချက်ပြီးတော့ အမြတ်ရရေးပါ။ အမြတ်မရခဲ့ရင်တောင်မှ ကျွန်တော်တို့က အရှုံးသက်သာအောင်လုပ်ရပါမယ်။ အနည်းဆုံးမရှုံးဘူးဆိုရင် ဒီလုပ်ငန်းသည် ကျွန်တော် မြတ်ဖို့ ကျွန်တော်တို့ လောလောဆယ်ဆယ်မှာ မှန်းလို့မရသေးပါဘူး။ လောလောဆယ်မရှုံးဘူးဆိုလို့ရှိရင် ကျွန်တော်တို့ စောစောနက အရှုံးဘီလီယံ ၈၀၀ ကျော်သက်သာမှာ ဖြစ်ပါတယ်။ အဲဒီတော့ အရင်းအနှီးကို ဘယ်သူကိုင်ထားသင့်လဲဆိုတဲ့ နိုင်ငံရေးဘောဂဗေဒ ဆွေးနွေးချက်ကြီးကိုတော့ ကျွန်တော်တို့က မဆွေးနွေးလိုပါဘူး။ ဒါသည် ဆိုရှယ်လစ်ကွန်မြူနစ် စနစ်မှာဆိုလို့ရှိရင် အရင်းအနှီးသည် နိုင်ငံတော်ကိုင်ကိုကိုင်ထားရမယ်ဆိုပြီးတော့ ယူဆရတဲ့ အတွေးအခေါ်တွေဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာတော့ အရင်းအနှီးဟာ နိုင်ငံတော်ကပဲ ကိုင်ထားကိုင်ထား၊ နိုင်ငံတော်နဲ့ ပုဂ္ဂလိကနဲ့ပဲပေါင်းပြီးတော့လုပ်လုပ်၊ နိုင်ငံခြားသားကပဲ လာပြီးတော့ ရင်းနှီးမြှုပ်နှံနှံ ကျွန်တော်တို့ အမြတ်ရဖို့က သိပ်အရေးကြီးပါတယ်။ အမြတ်ရမှသာ ဝင်ငွေခွန်ဆိုတဲ့ အခုနိုင်ငံတော်ကကောက်နေ တဲ့ဝင်ငွေခွန်ကို အဲဒီလုပ်ငန်းကဆောင်နိုင်မှာ ဖြစ်ပါတယ်။ ရှုံးနေတဲ့လုပ်ငန်းက ဝင်ငွေခွန်ဆောင်စရာ မလိုပါဘူး။ ဝင်ငွေခွန်လည်း ပေးသွင်းစရာမလိုဘူး။ အဲတော့ မြတ်နေတဲ့လုပ်ငန်းကသာ နိုင်ငံတော်က အခွန်ရနိုင်တယ်။ ဒီလုပ်ငန်းတွေက ရှုံးနေမယ်ဆိုလို့ရှိရင် နိုင်ငံတော်က အခွန်မရနိုင်ဘူး။ အဲဒီတော့ အခွန်ရဖို့အတွက်ကလည်း နိုင်ငံပိုင်လုပ်ငန်းတွေက မြတ်ဖို့လိုတယ်။ သူတို့မြတ်မှသာ သူဆီမှာမှီပြီး လုပ်နေတဲ့ ဝန်ထမ်းတွေကလည်း အကျိုးရှိမယ်။ နောက်တစ်ခါ သူ့ကိုရောင်းနေတဲ့၊ သွင်းအားစုတွေ ရောင်းနေတဲ့၊ ကုန်ကြမ်းတွေ လုပ်ငန်းတွေကလည်း အကျိုးရှိမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီအတွက် ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေးလုပ်ကြမယ်။ ဟုတ်ပြီ။ ပြုပြင်ပြောင်းလဲရေး ဘယ်လိုလုပ်ကြမလဲ။ ဒါခေတ်အဆက်ဆက်ကလည်း ကျွန်တော်တို့ ကြွေးကြော်ခဲ့တယ်။ ပြုပြင်ပြောင်းလဲရေး ဘယ်လို လုပ်ကြမလဲဆိုပြီး။ ကျွန်တော်တို့မှာတော့ တချို့နိုင်ငံခြားက ပညာရှင်တွေအကြံဉာဏ်လေးတွေလည်း အနည်းအကျဉ်းတော့ရှိပါတယ်။ အဲဒါကတော့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေကို စီးပွားရေးဆန်ဆန် ကျွန်တော်တို့လုပ်မယ်။ တန်ရာတန်ကြေး ကျွန်တော်တို့ကောက်မယ်။ မီးရထားပြေးတယ်၊ လိုင်းဆွဲတယ် ဆိုလို့ရှိရင် တန်ရာတန်ကြေး မီးရထားစီးတဲ့လူစီက ကျွန်တော်တို့ပြန်ကောက်မယ်။ ကုန်ကျစရိတ်တိုင်း ကျွန်တော်တို့ ပြန်ကောက်မယ်။ အရင်းအနှီးကိုတော့ နိုင်ငံတော်ကထည့်ထားတယ်။ ဒါမျိုးလေးတွေ

ပြုပြင်ပြောင်းလဲလို့ ရပါတယ်။ နောက်တစ်ခါ နိုင်ငံ့ဝန်ထမ်းတွေမဟုတ်ဘဲနဲ့ အခု ခန့်ထားတဲ့နိုင်ငံ့ဝန်ထမ်းတွေမဟုတ်ဘဲနဲ့ ကျွန်တော်တို့က သေချာစီးပွားရေးစီမံကွပ်ကဲမှုပညာရပ်ကိုသင်လာတဲ့ မန်နေဂျာလိုဟာမျိုးတွေကို ဒီလုပ်ငန်းတွေမှာ သုံးတာမျိုးပေါ့။ နောက်တစ်ခါ ဝန်ထမ်းတွေက အခုဆိုလို့ရှိရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှာ ဝင်လုပ်နေတဲ့ဝန်ထမ်းတွေအားလုံးက ပုံသေလစာရပါတယ်။ အဲဒီတော့ ပုံသေလစာမဟုတ်ဘဲနဲ့ ကုမ္ပဏီတွေမှာလို တော်ရင်တော်သလို၊ အရည်အချင်းရှိရင်ရှိသလို ချီးမြှင့်မြှောက်စားတဲ့စနစ်မျိုးကို ကျွန်တော်တို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းထဲမှာ သုံးမယ်ဆိုလို့ရှိရင် ဒီနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ အမြတ်အနည်းဆုံး အရှုံးသက်သာလာမယ်။ မရှုံးတဲ့ဘဝကနေပြီးတော့ မြတ်လာမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါက ကျွန်တော်တို့သိတဲ့ အတွေးအခေါ်လေးပါ။ အနည်းအကျဉ်းပါပဲ။ ကျန်တဲ့ ဒီမှာရှိကျတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း အတွေ့အကြုံအများကြီးရင့်ကျက်တဲ့ပုဂ္ဂိုလ်များဖြစ်ပါတယ်။ တချို့ဆိုရင်လည်း ဒီနိုင်ငံပိုင်

စီးပွားရေးလုပ်ငန်းမှာ ကိုယ်တိုင်ထဲထဲဝင်ဝင်လုပ်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဒီအဆိုကပဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့စည်း၊ ဒေသတစ်ခုအတွက် အဆိုမဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့တိုးတက်မှု၊ မိမိတို့ဒေသရဲ့တိုးတက်မှုတွေကို မလုပ်နိုင်ဘဲနဲ့ စောနအရှုံးတွေကို ဖြည့်ဆည်းပေးနေရတဲ့အခြေအနေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုကိုလည်း ဝိုင်းဝန်းဆွေးနွေးကြပါလို့ပြောရင်းနှင့် ဒဂုံမဲဆန္ဒနယ်က ဒေါက်တာဒေါ်သက်သက်ခိုင်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲ ငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့ အတွက် ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်က တင်သွင်းသော မတူကွဲပြားသော လုပ်ငန်းသဘာဝရှိကြသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများအား သဘာဝအားဖြင့် တူညီသောလုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနှင့်ဆီလျော်သော ပြုပြင်ပြောင်းလဲ ရေးမူဝါဒများချမှတ်ပြီး အားလုံးကို လွှမ်းခြုံနိုင်သည့် နိုင်ငံပိုင်လုပ်ငန်းပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မဟာဗျူဟာတစ်ရပ် ချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃-၉-၂၀၁၈ ရက်နေ့(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းသွားကြရန် ဖြစ်ပါတယ်။

## ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမျိုးဇော်အောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ ထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်မှု နှောင့်နှေးနေရတဲ့အကြောင်းအချက်တွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ တရားမဝင်ကုန်သွယ်မှုဟာ အဓိကအခန်းကဏ္ဍကနေမှ ပါဝင်နေတယ်ဆိုတာကို တွေ့ရပါတယ်။ နယ်စပ်ကနေ စိုက်ပျိုးရေးသီးနှံ တွေ ဝင်ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ရဲ့တောင်သူတွေ ဒုက္ခရောက်ကြပါတယ်။ အဲဒီလိုပဲ လူသုံးကုန်ပစ္စည်းတွေ တရားမဝင် ဝင်ရောက်လာတာတွေ များတဲ့အတွက်ကြောင့်မို့လို့လည်းပဲ ပြည်တွင်းစွန့်ဦးတီထွင်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုနှေးကြပါတယ်။ အဲဒီလိုပဲ ကား၊ ဆိုင်ကယ်၊ လုပ်ငန်းသုံးစက်ပစ္စည်းတွေ၊ လယ်ယာသုံးစက်ပစ္စည်းတွေ၊ Electronic ပစ္စည်းတွေ တရားမဝင် ဝင်ရောက်လာတာတွေများတဲ့အခါမှာ နိုင်ငံတကာက စက်ရုံအလုပ်ရုံကြီးတွေရဲ့ နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုတွေလည်း အားနည်းကြတာ တွေ့ရပါတယ်။ ဒါကတော့ ကျွန်တော်ဆွေးနွေးသွားမယ့် Over View ဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့အနေအထားကိုကြည့်တဲ့အခါမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဘယ်လောက်ရှိသလဲဆိုတာကို ကြည့်တဲ့အခါမှာ အားရစရာအခြေအနေမရှိဘူးဆိုတာကို တွေ့ရပါ တယ်။ ဒါကတော့ Euro chen ကနေမှ လုပ်ထားတဲ့ သုတေသနရလဒ် ဖြစ်ပါတယ်။ နောက်ဆုံး

ဟာကတော့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာရှိနေတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအခြေအနေဖြစ်ပါတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအခြေအနေတွေကို ပြန်ပြီးပိုင်းကြည့်လိုက်မယ်ဆိုလို့ရှိရင် Manufacturing ကုန်ထုတ်လုပ်မှုကဏ္ဍမှာလည်း အရမ်းနည်းနေတာ တွေ့ရပါတယ်။ ၁၀.၆ ရာခိုင်နှုန်းပဲ ရှိပါတယ်။ အခြားသဘာဝဓာတ်ငွေ့နှင့် သဘာဝအရင်းအမြစ်ကဏ္ဍတွေမှာလည်းများနေတာ တွေ့ရပါတယ်။ တကယ် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးဖို့ဆိုလို့ရှိရင် ထုတ်ကုန်ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်ပါတယ်။ ထုတ်ကုန်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ များများလာဖို့လိုအပ်ပါတယ်။ ဒီပုံကို ကြည့်လိုက်လို့ရှိရင်တော့ ကျွန်တော်တို့ရဲ့နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဟာ GDP နဲ့နှိုင်းယှဉ်လိုက်မယ်ဆိုလို့ရှိရင် အားရစရာမရှိဘူးဆိုတာ တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်မှာ ၄.၈ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒါကတော့ ဝန်ကြီးဌာနအနေနဲ့လည်း သိပြီး ဖြစ်ပါတယ်။ Doing Business Report ပါ။ ၂၀၁၃ ခုနှစ်အတွက်လုပ်ထားတဲ့ ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်အရဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ ၁၈၂ မှာ ရှိပါတယ်။ ၁၈၅ နိုင်ငံမှာ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလာလုပ်ဖို့ ဘယ်လောက်ခက်ခဲနေတယ်ဆိုတာကို ဖော်ပြတာ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့အစိုးရရဲ့တိုးတက်ပြောင်းလဲမှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၈ ခုနှစ် Report မှာကတော့ Ranking က တက်လာပါတယ်။ ၁၇၁ ရှိပါတယ်။ ဒါပေမဲ့ ၁၇၁ ဆိုတာက အများကြီးခက်ခဲနေသေးတယ်ဆိုတာကို ဒါဖော်ပြနေတာပဲ ဖြစ်ပါတယ်။ UNFCCI ရဲ့မကြာခင်ကထုတ်ပြန်တဲ့ သုတေသနအရဆိုလို့ရှိရင် စီးပွားရေးလုပ်ငန်းရှင်တွေ ၂၀၀၀ ကျော်ကို မေးမြန်းတဲ့အခါမှာ ၁ ရာခိုင်နှုန်းကပဲ စီးပွားလုပ်လို့အရမ်းကောင်းနေတယ်လို့ ဖြေတာ တွေ့ရပါတယ်။ လွန်ခဲ့တဲ့သုံးလကတော့ ၃ ရာခိုင်နှုန်း စီးပွားရေးကောင်းနေတယ်လို့ ဖြေတဲ့သူတွေ တွေ့ရပါတယ်။ ဒီလိုစီးပွားရေးမကောင်းရတဲ့ အဓိကအကြောင်းရင်းတွေမှာ Illicit Trade လို့ခေါ်တဲ့ တရားမဝင်ကုန်သွယ်မှုဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတယ်ဆိုတာကို သုတေသနဖော်ပြချက်တွေမှာ ဆက်ပြီးတော့မှ တွေ့နေရပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ ယေဘုယျပို့ကုန်ကဏ္ဍတွေမှာ တရားမဝင်ကုန်သွယ်မှုအဖြစ်အများဆုံးကဏ္ဍတွေကို Bring Strong လုပ်ထားတာ ဖြစ်ပါတယ်။ လေ့လာမှုကို အခြေခံပြီးတော့မှ။ သဘာဝအရင်းအမြစ်ကို အခြေခံထားတဲ့လုပ်ငန်းတွေအရမ်းများပါတယ်။ ဥပမာ ကျောက်စိမ်းတွေ တရားမဝင်ထွက်တာများတယ်။ သတ္တုတွင်းထွက်တွေများတယ်။ သဘာဝဓာတ်ငွေ့တွေ များတယ်။ သစ်တောထွက်ပစ္စည်းတွေ များတယ်။ တောရိုင်းတိရစ္ဆာန်တွေနဲ့ပတ်သက်တဲ့ Wildlife ပစ္စည်းတွေများတယ်။ ဒါမျိုးတွေ တွေ့ရတယ်။ နောက်တစ်ခုက ပြန်လည်ဖြည့်ဆည်းနိုင်တဲ့ပစ္စည်းတွေလည်း တွေ့ရပါတယ်။ ဥပမာဆိုလို့ရှိရင် ဆန်တို့၊ မွေးမြူရေးပစ္စည်းတွေတို့၊ နှစ်ရှည်ပင်ရာဘာစေးပစ္စည်းတွေတို့လည်း တွေ့ရပါတယ်။

ဒါကတော့ မီဒီယာအသီးသီးမှာ ဖော်ပြကြတဲ့ တရားမဝင်ပုဂ္ဂိုလ်အမျိုးမျိုးကို ခြုံပြီးတော့မှ ဖော်ပြထားတာဖြစ်ပါတယ်။ အဓိက ကျွန်တော်ဆွေးနွေးလိုတဲ့အပိုင်းကတော့ သွင်းကုန်ကဏ္ဍဖြစ်ပါတယ်။ သွင်းကုန်ကဏ္ဍမှာဆိုလို့ရှိရင်လည်းပဲ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ အထူးကုန်စည်တွေ၊ ဆေးပစ္စည်းတွေ၊ ပုပ်သိုးနိုင်တဲ့ပစ္စည်းတွေ။ ပုပ်သိုးနိုင်တဲ့ပစ္စည်းတွေဆိုတာ အခုနက စားသောက်စရာတွေ၊ အသီးအနှံတွေ ပြောတာ ဖြစ်ပါတယ်။ ပြီးတော့ ယာဉ်နှင့်ယာဉ်ယန္တရားတွေ၊ Electronic ပစ္စည်းတွေ။ ဒီကဏ္ဍတွေမှာ များများစားစားကိုပဲ တရားမဝင်ကုန်သွယ်မှုတွေ ဖြစ်နေတယ်ဆိုတာကို တွေ့ရပါတယ်။ ဒါကတော့ နမူနာပြထားတာ ဖြစ်ပါတယ်။ ပုံတွေ

ကို လေ့လာပြီးတဲ့အခါမှာ အရက်၊ ဘီယာတွေမှာဆိုလို့ရှိရင် ၃၀ ရာခိုင်နှုန်းဟာ တကယ့်ကို Illegally Smart ဖြစ်တယ်လို့ သုတေသနတွေ့ရှိချက်တွေဖြစ်ပြီးတော့မှ Report လုပ်ထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နယ်စပ်ဂိတ် ၁၇ ခုရှိပါတယ်။ ဒီပုံကို ဘာဖြစ်လို့ပြရသလဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ တရားမဝင်ကုန်သွယ်မှုတွေရဲ့အများစုဟာ တရားဝင်လမ်းကြောင်းကနေမှ လာနေတာတွေရှိတယ်လို့ ကျွန်တော် Report တွေမှာ ဖတ်ရတဲ့အတွက်ကြောင့်မို့လို့ ပြတာဖြစ်ပါတယ်။ အဲဒီတော့ တရားမဝင်ကုန်သွယ်မှုတွေကို တိုက်ဖျက်ဖို့ရာအတွက်ကို Trade National Alliance ကလေ့လာတဲ့အခါမှာ နိုင်ငံပေါင်း ၈၄ နိုင်ငံမှာ ကျွန်တော်တို့က အဆင့် ၈၂ မှာ ရောက်နေပါတယ်။ တော်တော်ဆိုးဝါးတဲ့အခြေအနေလို့ ပြောရမှာ ဖြစ်ပါတယ်။ ဘယ်လောက်ထိအောင် ဆိုးနေသလဲဆိုတာ အတိအကျမသိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရားမဝင်ကုန်သွယ်မှုဟာ အချက်အလက်(Data) ခိုင်ခိုင်မာမာမရနိုင်တဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ အဲဒီတော့ ရေခဲတုံးသီအိုရီလိုပဲ ညွှန်းဆိုရမှာ ဖြစ်ပါတယ်။ ရေပေါ်မှာပေါ်နေတဲ့ ထိပ်ပိုင်းလေးဟာ မြင်နေရတဲ့အပိုင်းလေးတစ်ခုကိုပဲ ကြည့်ပြီးတော့မှ ခန့်မှန်းလို့မရနိုင်ပါဘူး။ ရေအောက်မှာ ဘယ်လောက်တောင်ရှိနေတယ်ဆိုတဲ့ဟာက တော်တော်ကြီးကြီးမားမားဖြစ်နိုင်တာ တွေ့ရပါတယ်။ ဒါကတော့ UNODC ကနေမှ ကုန်ပစ္စည်းအတုပြုလုပ်မှုတွေ၊ တရားမဝင်ပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့မှ လေ့လာမှုဖြစ်ပါတယ်။ အပြင်ဆုံးက အစိမ်းရောင်အပိုင်းကတော့ ကုန်ပစ္စည်းအတုအပပြုလုပ်မှုတွေနဲ့ပတ်သက်ပြီးတော့မှ Report ဖြစ်ပါတယ်။ ဒုတိယအရှည်ဆုံးအနီရောင်ကတော့ သစ်ပစ္စည်းတွေ၊ သစ်မှောင်ခိုတွေနဲ့ပတ်သက်တဲ့ Report ဖြစ်ပါတယ်။ အဲဒီတော့ ဒီတရားမဝင်ကုန်သွယ်မှုတွေ ဘာဖြစ်လို့ဖြစ်နေရသလဲဆိုတာ လေ့လာတဲ့အခါမှာ အကျင့်ပျက်ခြစားမှုတွေကြောင့်လား။ သွင်းကုန်ပို့ကုန်မူဝါဒတွေနဲ့ အခွန်မူဝါဒတွေကြောင့်မို့လို့လား။ ယဉ်ကျေးမှုအရကိုက တရားမဝင်ကုန်သွယ်မှု ဘာမှမဖြစ်ပါဘူးကွာ ဆိုပြီးတော့မှ သွင်းနေကြတာလား။ တရားဥပဒေစိုးမိုးမှုအားနည်းနေလို့လား။ ခက်ခဲတဲ့လုပ်ထုံးလုပ်နည်းတွေကြောင့်မို့လို့လား။ ဘာကြောင့်လဲဆိုတာ ကျွန်တော်တို့က အဖြေရှာရမှာဖြစ်ပါတယ်။

အစိုးရအနေနဲ့လည်းပဲ ဒီကိစ္စရပ်တွေကို သိပြီးတော့မှ ဖြေရှင်းနိုင်ဖို့ ကြိုးစားနေတယ်ဆိုတာကိုလည်းပဲ ကျွန်တော်လေ့လာမှုအရ တွေ့ရပါတယ်။ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွေ ဖွဲ့တယ်။ ဖွဲ့ပြီးတော့မှ မြန်မာနိုင်ငံရဲ့ကုန်သွယ်ရေး ပိုပြီးတော့အဆင်ပြေအောင်၊ ချောမွေ့အောင်လုပ်ပေးတာတွေ ရှိတယ်။ Special Test Forced ဖွဲ့မယ်လို့လည်းပဲ မကြာခင်က ဆင်ဟွာသတင်းဌာနက Report မှာ ကျွန်တော်ဖတ်ရပါတယ်။ တခြားဖိုရမ်တွေ၊ ဆွေးနွေးပွဲတွေလုပ်တာတွေလည်း တွေ့ရပါတယ်။ မူဝါဒအပြောင်းအလဲတွေ လုပ်တာတွေလည်း တွေ့ရပါတယ်။ အဲဒီတော့ တရားမဝင်ကုန်သွယ်မှုရဲ့အဓိကဆိုးကျိုးတွေက ဘာဖြစ်လို့ ကျွန်တော်တို့က ဒီဟာကို အဆိုအဖြစ်နဲ့တင်တာလဲဆိုတော့ ဆိုးကျိုးက အရမ်းကြီးမားလို့ ဖြစ်ပါတယ်။ အခုနတုန်းကပြောသလို အဓိကကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြီးကို အရမ်းထိခိုက်စေတယ်။ ဒီတရားမဝင်ကုန်သွယ်မှုတွေဟာ တောင်သူလယ်သမားတွေ၊ မွေးမြူရေးသမားတွေအတွက် အများကြီး ထိခိုက်စေတယ်။ Local Entrepreneur တွေလည်း ထိခိုက်စေတယ်။ လက်လီရောင်းတဲ့သူတွေလည်း ထိခိုက်စေတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမယ့်သူတွေကိုလည်းပဲ ထိခိုက်စေတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေမလာအောင်လည်း အဟန့်အတားဖြစ်စေပါတယ်။ အဲဒါတွေ မကဘူး။ အခြားဆိုးကျိုးတွေလည်း ရှိပါသေးတယ်။ Trade National

Organize Crime လို့ခေါ်တဲ့ နယ်စပ်ဖြတ်ကျော်စုပေါင်းရာဇဝတ်မှုကြီးတွေ ရှိနိုင်ပါတယ်။ ဥပမာဆိုလို့ရှိရင် ကားခိုးတာတို့၊ ခိုးမှုတွေပေါ့။ ပြီးတော့ တရားမဝင်ကုန်ပစ္စည်း သွင်းတာတို့။ Human Trafficking လို့ခေါ်တဲ့ လူကုန်ကူးမှုတွေ၊ ပစ္စည်းအတုအပပြုလုပ်မှု၊ Counter Fixed Boost တွေလည်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုပဲ နိုင်ငံတော်ကနေမှ အခွန်ရရှိမှုနည်းပြီးတော့မှ National Revenue ကိုလည်း ထိခိုက်စေပါတယ်။

ဒီတရားမဝင်ကုန်သွယ်မှုကြောင့်မို့လို့လည်းပဲ လာဘ်ပေးလာဘ်ယူမှုတွေက ပိုပြီးဖြစ်နိုင်ပါတယ်။ အဆိုးဆုံးကတော့ ယဉ်ကျေးမှုကို ပျက်သွားစေတာ ဖြစ်ပါတယ်။ လူဆိုတာက Survival အသက်ရှင်သန်ဖို့ရာအတွက်ကို Actability အရမ်းမြင့်ပါတယ်။ မြင့်တဲ့အခါမှာ တရားမဝင်ကုန်သွယ်မှုတွေ၊ တရားမဝင်ပစ္စည်းတွေကို သုံးရင်း၊ သုံးရင်းနဲ့ ဒါတွေကို အပြစ်မရှိဘူးလို့ဆိုတဲ့ပုံစံမျိုးနဲ့ သုံးနေကြတာဟာမျိုးလည်း ဆက်ပြီးတော့ တွေ့လာရပါတယ်။ ဒါဟာ ယဉ်ကျေးမှုတစ်ခုအဖြစ်နဲ့ ဖြစ်သွားတာမကောင်းပါဘူး။ အဲဒီတော့ ကျွန်တော်တို့က မဟာဗျူဟာအဖြစ်နဲ့ ဆောင်ရွက်စေချင်တာက ကျယ်ကျယ်ပြန့်ပြန့် Stakeholder တွေနဲ့၊ ပညာရှင်တွေနဲ့ ဆွေးနွေးစေချင်တာ ဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့ Strategic Control အဖွဲ့အစည်းတွေ ဖွဲ့စေချင်တာ ဖြစ်ပါတယ်။ အဓိက ဆွေးနွေးလိုတဲ့အပိုင်းကတော့ ဒီအပိုင်း ဖြစ်ပါတယ်။ Policy တွေကို ကျွန်တော်တို့စဉ်းစားရမှာ ဖြစ်ပါတယ်။ အခွန်မူဝါဒတွေ စဉ်းစားရမယ်။ ပစ္စည်းတွေသိမ်းဖို့တွေ စဉ်းစားရမယ်။ Blame Missioning လုပ်မလား။ Border Control ကို ကျွန်တော်တို့အဓိကလုပ်မလား။ Policy တွေပြောင်းမလားဆိုတာ စဉ်းစားရမယ်။ သူနဲ့ဆက်စပ်နေတဲ့ Under Corruption အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမူဝါဒတွေလည်း ကျွန်တော်တို့ပြန်ဆန်းစစ်ရမယ်။ ဥပဒေတွေပြုသင့်တာတွေကို ပြုရမယ်။ အဲဒါတင်မကဘူး အစိုးရက ကူညီသင့်တာကို ကူညီပေးရပါမယ်။ ငွေရေးကြေးရေးအထောက်အပံ့ဖြစ်ဖို့၊ သူတို့တွေအရည်အချင်းရှိဖို့တွေ၊ လုပ်ငန်းရှင်အရည်အချင်းရှိဖို့တွေလည်း ကူညီသင့်တာကို ကူညီရပါမယ်။ ပြီးတော့ တရားဥပဒေစိုးမိုးအောင်လည်း ကျွန်တော်တို့လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်အကြံပြုတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တရားမဝင်ကုန်သွယ်မှုတွေကို တိုက်ဖျက်ပေးဖို့ အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဇော်အောင်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ အဆိုရှင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်ရဲ့ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံဆွေးနွေးသွားမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းပဲ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ဟာ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ မဖြစ်မနေဆောင်ရွက်ရမယ့် ကိစ္စတစ်ရပ်ကို တင်သွင်းတာဖြစ်တယ်လို့ ယုံကြည်လက်ခံတဲ့

အတွက် ထောက်ခံတာဖြစ်ပါတယ်ရှင်။ ဒီအဆိုဟာ အင်မတန်ကိုမှ ကျယ်ပြန့်နက်ရှိုင်းပါတယ်။ ကျွန်မတို့အစိုးရရဲ့ လက်ရှိလုပ်ဆောင်နေတဲ့မူဝါဒတွေကို အထောက်အပံ့ဖြစ်စေမယ့်အဆိုဖြစ်တယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်မတို့ မူဝါဒပိုင်းဆိုင်ရာတွေကို လေ့လာကြည့်လိုက်မယ်ဆိုလို့ရှိရင် စီးပွားရေးမူဝါဒအရ ကျွန်မတို့ အသေးစား၊ အလတ်စားနဲ့ ပုဂ္ဂလိကကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးဖို့ဆိုတဲ့ မူဝါဒတစ်ရပ်ကိုချမှတ်ထားသလို လက်ရှိမှာလည်း ဆောင်ရွက်လျက်ရှိတဲ့ကာလဖြစ်ပါတယ်။ ဒီအခါမှာ ကျွန်မတို့ တရားဥပဒေစိုးမိုးရေးဟာလည်း အင်မတန်အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်ရှင်။ ပုဂ္ဂလိကကဏ္ဍ တစ်ခုချင်းစီအလိုက် မြှင့်တင်အောင်ကြိုးစားခြင်းက ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်ပေးရာရောက်သလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ဆက်တည်း မြှင့်တင်လာပေးမှာဖြစ်ပါတယ်။ ထို့အတူပဲ အဆိုရှင်ကလည်း လက်ရှိ နိုင်ငံရဲ့စီးပွားရေးအခြေအနေ၊ ကမ္ဘာ့နိုင်ငံတွေရဲ့အခြေအနေတွေကိုလည်း သုံးသပ်တင်ပြသွားပြီးဖြစ်ပါတယ်။ ဒီအခါမှာ ကျွန်မတို့ မဖြစ်မနေစဉ်းစားသုံးသပ်ရမယ့်အချက်က နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမှာ ဘတ်ဂျက်လိုငွေပြနေတဲ့အချက်တွေ၊ သွင်းကုန်ပို့ကုန်ပမာဏ မညီမျှတဲ့အချက်တွေဖြစ်ပါတယ်ရှင့်။ ဒီအရာတွေဟာ ကျွန်မတို့နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းနဲ့ ကျွန်မတို့နိုင်ငံရဲ့ လူတစ်ဦးချင်းစီရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ဝင်ငွေတိုးတက်မှုတွေ၊ တိုင်းပြည်ရဲ့ GDP တွေကို များစွာသက်ရောက်မှုရှိနေတဲ့ အဆိုတစ်ရပ်ဖြစ်တယ်လို့လည်း လက်ခံတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်ရှင်။ ကျွန်မတို့ တရားမဝင်ကုန်သွယ်မှုတွေကို လျှော့ချနိုင်အောင်၊ ပပျောက်နိုင်အောင် လုပ်နိုင်မယ်ဆိုလို့ရှိရင် လူနေမှုအဆင့်အတန်းတစ်ခုချင်းစီကို တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးသက်ရောက်မှုတွေရှိလာမှာဖြစ်ပါတယ်။ ဒီအခါမှာ ဆင်းရဲမွဲတေမှု လျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကိုလည်း ကျွန်မတို့ ပိုမိုနီးကပ်စွာ ချဉ်းကပ်နိုင်မှာဖြစ်သလို ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု မဟာဗျူဟာစီမံကိန်းပန်းတိုင်ကိုလည်း ကျွန်မတို့ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တရားဥပဒေစိုးမိုးရေးဟာ အဓိကကျတယ်လို့မြင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီးတော့မှ ၁၉၉၄ ခုနှစ်ကနေစပြီးတော့မှ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တွေကို အသီးသီးချုပ်ဆိုခဲ့ကြပါတယ်။ ဒီလိုပဲ နယ်စပ်ဆိုင်ရာကုန်သွယ်ရေးစခန်း ၁၇ ခုကိုလည်း ကျွန်မတို့ အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီးတော့မှ တရားဝင်နယ်စပ်ကုန်သွယ်ရေးဂိတ်တွေကနေ တရားဝင်ကုန်သွယ်စီးဆင်းမှုတွေ လုပ်ခဲ့ပါတယ်။ သို့သော်လည်း ကျွန်မတို့ ဒီအခါမှာ လေးနက်စွာစဉ်းစားရမယ့်ကိစ္စရပ် ရှိပါတယ်။ ဒီလို တရားဝင်ကုန်သွယ်စီးဆင်းမှုတွေကို အခွင့်အလမ်းဖန်တီးပေးထားပါလျက်နဲ့ တရားမဝင်ကုန်သွယ်မှုတွေဟာ ဘာကြောင့်မို့လို့ ဖြစ်နေရပါသလဲ။ ဒီလို တရားမဝင်ကုန်သွယ်မှုတွေ ဘာကြောင့်ဖြစ်နေရတယ်ဆိုတဲ့မေးခွန်းရဲ့နောက်ဆက်တွဲမှာ တရားမဝင်ကုန်သွယ်စီးဆင်းမှုတွေကို လျှော့နည်းအောင်၊ ပပျောက်အောင် အားသွန်ခွန်စိုက်ကြိုးစားမှာဖြစ်ပါတယ်။ ဒီအခါမှာ တရားဝင်ကုန်သွယ်စီးဆင်းမှုတွေကိုလည်း ဒီထက်မကပိုမိုခိုင်မာအားကောင်းလာအောင် ကျွန်မတို့ အစိုးရတစ်ရပ်အနေနဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေအပါအဝင် ယန္တရားကြီးတစ်ခုလုံးကို စနစ်တကျပြန်လည်စိစစ်

သုံးသပ်ပြီးတော့မှ ပြုပြင်သင့်တာတွေ ပြုပြင်၊ ဖြည့်စွက်သင့်တာတွေ ဖြည့်စွက်ပြီးတော့မှ ပံ့ပိုးဆောင်ရွက်မှုတွေကို အရှိန်အဟုန်မြှင့်စွာအကောင်အထည်ဖော်ရမယ့်ကာလ ဖြစ်ပါတယ်ရှင်။ လက်ရှိမှာ ကျွန်မတို့ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိကို နယ်စပ်ပို့ကုန်၊ သွင်းကုန်ပမာဏဟာ ၃၁၃၄.၇၀၅ US သန်းရှိတယ်လို့ ကျွန်မတို့ လေ့လာသိရှိ ရပြီးတော့မှ Individual Trading Card ခေါ်တဲ့ ITC တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်ကို ကျွန်မတို့ ကုန်သွယ်မှုတွေ ဆောင်ရွက်ခြင်းပြုလုပ်နိုင်အောင် ၂၀၁၂ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ၁၄၇၉ အထိ ကျွန်မတို့ သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ ထုတ်ပေးနိုင်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ဒီလိုမျိုးတရားဝင်ကုန်သွယ်စီးဆင်းမှုတွေ ဆောင်ရွက်နေကြတဲ့လုပ်ငန်းရှင်တွေကိုလည်း ကျွန်မတို့ အကာအကွယ်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုအကာအကွယ်ပေးနိုင် ဖို့အတွက်ဆိုရင် ဥပမာအားဖြင့် ကျွန်မတို့ ဒေသတွင်းနိုင်ငံများနဲ့ ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်တွေကို ပိုမိုအားကောင်း အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပဒေပိုင်းဆိုင်ရာအရ လိုအပ်လျက်ရှိနေတဲ့ ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုများဖြစ်သော လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် အစိုးရအထောက်အပံ့ ရယူတင်ပို့ ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုအပေါ် ကုစားမှု Independent in Counter billing ဥပဒေ၊ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်မှုဆိုင်ရာ Save Guard ဥပဒေတို့ကိုလည်း ပြဋ္ဌာန်းဆောင်ရွက်ဖို့ လိုအပ်နေပါပြီ။ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအပါအဝင် အခွန်ဆိုင်ရာ ဥပဒေများ၊ ယှဉ်ပြိုင်မှုဥပဒေ၊ ကုန်သွယ်ရေးဥပဒေများကိုလည်း ခိုင်မာသက်ဝင်အားကောင်းအောင် ကြိုးစားဆောင်ရွက်ရမယ့် အချိန်ကာလရောက်ပြီလို့ မြင်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းရဲ့ နောက်ဆက်တွဲ ဆိုကျိုးအနေနဲ့ ထိခိုက်နစ်နာမှုတွေများစွာထဲကနေ ကျွန်မတို့ တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်သူ့ကျန်းမာရေးထိခိုက်နစ်နာမှုတစ်ခုကို ကျွန်မ အလေးအနက်ထားပြီးတော့ ဆွေးနွေးလိုပါတယ် ရှင့်။ ကျွန်မတို့လွှတ်တော်ကြီးမှပဲ ဒေါက်တာဒေါ်အေဇင်လတ်အပါအဝင် ကျွန်မတို့ အဆိုတွေ တင်သွင်းခဲ့ပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ စားသုံးသူတွေရဲ့ဘဝကို ကာကွယ်မြှင့်တင်ဖို့ရာအတွက် ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်ဖို့ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေပါတယ်။ ကျွန်မတို့နိုင်ငံမှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုလည်း ၂၀၁၄ ခုနှစ်ကတည်းက အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ရည်ရွယ်ချက်တွေကိုလည်း ရှင်းလင်းစွာ ကျွန်မတို့ ရေးသားထားပါတယ်။ ဗဟိုကော်မတီ အပါအဝင် ခရိုင်အဆင့်အထိ စားသုံးသူအငြင်းပွားမှု ကာကွယ်ရေး၊ ဖြေရှင်းရေးအဖွဲ့တွေကို ဖြည့်ဆည်းဆောင်ရွက်ထားပါတယ်။ သို့သော် ပြည့်စုံလုံလောက်မှုရှိပြီလား။ ထို့အတူပဲ ကျွန်မတို့ FDA ကနေပြီးတော့မှ စားသုံးရန်သင့်/မသင့်၊ သုံးစွဲရန်သင့်/မသင့်ဆိုတဲ့ပစ္စည်းတွေကို ကျွန်မတို့ အမြဲတမ်း ထုတ်ပြန်ကြေညာပါတယ်။ ဒါတွေကရော လုံလောက်နေပြီလား။ ဒါတွေကို ကျွန်မတို့ လေ့လာဆန်းစစ် ဖို့လိုပါတယ်။ ဒီအခါမှာ FDA ကထုတ်ပြန်ထားတာအပါအဝင် လက်ရှိအမျိုးသားကျန်းမာရေး Foundation ကဲ့သို့သော အုပ်စုတွေကနေ ထုတ်ပြန်တာတွေရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ လက်ရှိ ဖြစ်နေတဲ့ Non Communicative Diseases မကူးစက်နိုင်တဲ့ရောဂါတွေ၊ ကင်ဆာကဲ့သို့သော ဆီးချို၊ သွေးချို၊ နှလုံးရောဂါကဲ့သို့သော ရောဂါတွေရဲ့ လာရာဇစ်မြစ်ကို စုံစမ်းလိုက်မယ်ဆိုလို့ရှိရင် ကျွန်မတို့ နေထိုင်စားသောက်တဲ့ လူမှုဘဝဝန်းကျင်ကလာတယ်ဆိုတာကို ကျွန်မတို့ မျက်ဝါးထင်ထင် မြင်နိုင်ပါ

တယ်။ ဒီအခါမှာ ကျွန်မတို့ ဘာတွေကို ပိုပြီးတော့မှ ကွက်ကွက်ကွင်းကွင်းမြင်စေသလဲဆိုရင် အစားအသောက်ကုန်သွယ်စီးဆင်းမှုမှာလည်း တရားမဝင်ကုန်သွယ်ရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်ဆိုတာကို မြင်နိုင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တရားမဝင်ကုန်သွယ်စီးဆင်းမှုတွေကို ကျွန်မတို့ လျော့နည်းအောင်၊ ပပျောက်အောင် ကာကွယ်တားဆီးရေးမဟာဗျူဟာတွေကို ဒီအချိန်မှာ ချမှတ်ပြီးတော့မှ အမြန်ဆုံး အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းလာလို့ရှိရင် တရားမဝင်ကုန်သွယ်စီးဆင်းမှုတွေဟာ အလိုအလျောက် လျော့နည်းပပျောက်သွားမှာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့်မို့လို့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို ဒီထက်ပိုပြီးတော့မှ ပိုမိုခိုင်မာအားကောင်းအောင် ထိန်းချုပ်နိုင်ဖို့အတွက် ဘဏ္ဍာငွေကြေး၊ လူ့အရင်းအမြစ်၊ နည်းပညာ၊ စက်ပစ္စည်းကိရိယာတွေ၊ လက်နက်အင်အားတွေ ဖြည့်ဆည်းပေးဖို့လိုပါတယ်။ ဒီအခါမှာ ကျွန်မတို့ အရေးကြီးဆုံးကတော့ တစ်ဦးချင်းစီရဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ အရည်အသွေးတွေကိုလည်း မြင့်မားအောင် ဆောင်ကြဉ်းပေးရပါမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများပါတဲ့ တရားမဝင်ကုန်သွယ်စီးဆင်းမှုကာကွယ်တားဆီးရေးကော်မတီတစ်ရပ်ကိုလည်း ကျွန်မတို့ ပြန်လည်ဖွဲ့စည်းဖို့လိုအပ်တယ်လို့ ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်ရှင့်။ ဒီအခါမှာ အရေးအကြီးဆုံးအချက်ကတော့ ဆက်စပ်ဌာနအဖွဲ့အစည်းများကနေပြီးတော့မှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုတယ်လို့လည်း အကြံပြုလိုပါတယ်။ တရားမဝင်ကုန်သွယ်မှုတွေဟာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်လာတာနဲ့အမျှ ကျွန်မတို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုကို များစွာနှောင့်နှေးကြန့်ကြာစေမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကိုလည်း အမြန်ဆုံး အမြစ်ဖြတ်ဖြေရှင်းရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တရားမဝင်ကုန်သွယ်စီးဆင်းမှု လျော့နည်းပပျောက်အောင်ဆောင်ရွက်ခြင်းက ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးရာရောက်သလို မိမိတို့နိုင်ငံရဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေအတွက် အားဖြစ်စေပြီးတော့မှ နိုင်ငံသူနိုင်ငံသားတွေရဲ့ လူမှုဘဝလုံခြုံရေးအတွက် အာမခံချက်ပေးတာရောက်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို ကျွန်မတို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ လက်ခံဆွေးနွေးပေးပါရန် လေးနက်စွာဖြင့် ကျွန်မအနေနဲ့ ထောက်ခံတင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးမျိုးဇော်အောင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမျိုးဇော်အောင် ကောလင်းမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာ ချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃-၉-၂၀၁၈ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းသွားကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ကော်မတီရဲ့ဆောင်ရွက်ချက်များအား နှစ်ပတ်လည်အစီရင်ခံစာ (၁/၂၀၁၈)ကို ရေးသားပြုစု၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏တာဝန်ပေးချက်အရ ကော်မတီအတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာအပြည့်အစုံကို ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် လိုအပ်သည်များကိုသာ တင်ပြခွင့်ပြုပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်ဟာ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်နဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၈ အရ လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းတဲ့နေရာမှာ ပြည်သူ့လွှတ်တော်

ဒုတိယဥက္ကဋ္ဌဟာ ရာထူးအလျောက် ကော်မတီရဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှ စတင်၍ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဝင်းတို့အား လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ အမိန့်အမှတ်(၂/၂၀၁၇)ဖြင့် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်အစား ဗိုလ်မှူးဇင်လင်းဖြင့် ကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၇)နှင့် ကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်တောက်ထွန်းအစား ဗိုလ်ချုပ်တင်ဆွေဝင်းဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ အခုအချိန်မှာ လွှတ်တော်အခွင့်အရေးကော်မတီမှာ ကော်မတီဝင် ၁၅ ဦး၊ လေ့လာသူကိုယ်စားလှယ် ၂ ဦးတို့ဖြင့် ကော်မတီရဲ့လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေမှာပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့်ထပ်မံဖြည့်စွက်ရန် လိုအပ်သည့် အချက်အလက်များကို သုံးသပ်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့ရာမှာ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီအသီးသီးထံမှ သော်လည်းကောင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဌာနမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံမှသော်လည်းကောင်း၊ အကြံပြုချက်များကို ရယူဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီဟာ ပထမအကြိမ်အစီရင်ခံစာမှာဖော်ပြထားတဲ့ ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဆိုင်ရာကိစ္စများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီရဲ့ အစည်းအဝေးကျင်းပမှုနှင့်ပတ်သက်ပြီး ၉-၂-၂၀၁၇ ရက်နေ့မှ ယခု အစီရင်ခံစာတင်သွင်းတဲ့အချိန်အထိ ကော်မတီအစည်းအဝေးများကို ၁၂ ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများမှာပါဝင်တဲ့ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းတဲ့ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများမှာ ပြဋ္ဌာန်းပါရှိတဲ့အတိုင်း ဆောင်ရွက်ခွင့်ရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများမှာ ပါဝင်တဲ့ စီမံကိန်းလုပ်ငန်းများ၊ ရငွေ၊ သုံးငွေနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတွေကို

မူကြမ်း

စိစစ်တဲ့နေရာမှာလည်း မိမိတို့ကော်မတီနှင့် ကော်မတီဝင်များကိုအခြေခံ၍ ဖွဲ့စည်းထားသော စိစစ်ရေးပူးပေါင်းအဖွဲ့(၁၆)ဖြင့် ဗဟိုအဆင့်အဖွဲ့အစည်းများရဲ့ တင်ပြချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စိစစ်သုံးသပ်ပြီး တွေ့ရှိချက်များအား ပြည်ထောင်စုလွှတ်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးငွေအရအသုံး ခန့်မှန်းခြေစိစစ်ရေးပူးပေါင်းအဖွဲ့ထံ အစီရင်ခံတင်ပြနိုင်ခဲ့ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာကာလ အတွင်း ဥပဒေများအပေါ် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆-၈-၂၀၁၆ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးရဲ့ မှတ်တမ်းတင်မှုအရ လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ရမည့်ဥပဒေ ၃၉ ခု၊ ဆက်စပ်ဥပဒေ ၁၀ ခု စုစုပေါင်း ၄၉ ခု ရှိပါတယ်။ ဒီစိစစ်ရမည့်ဥပဒေတွေ အပေါ်ကိုလည်း ခေတ်နှင့်လျော်ညီစွာပြဋ္ဌာန်းနိုင်ရန် ကော်မတီဝင်များပူးပေါင်းပြီး စိစစ်လေ့လာ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းအား ကော်မတီမှာ ညှိနှိုင်းဆွေးနွေး မှုများပြုလုပ်ပြီး လွှတ်တော်သို့ တင်သွင်းနိုင်ရန်အတွက် ၂၂-၅-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်သို့ ဥပဒေနှင့်အညီ ပေးပို့နိုင်ခဲ့ပါတယ်။ ၂၂-၈-၂၀၁၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၌ တစ်ပိုဒ်ချင်းဆွေးနွေးပြီး အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဒီ့အပြင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌက Myanmar Parliament Union (MPU) အကြောင်းနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းပေါ်ပေါက်လာပုံကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ လွှတ်တော်ထဲမှာလည်း ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။

၁၅-၁-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့ခဲ့တဲ့ ပြင်ဆင်ချက် (၈)ချက် အား ဆွေးနွေးခဲ့ရာ (၃)ချက်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် သဘောထားကွဲလွဲခဲ့၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ သဘောထားကွဲလွဲချက် (၃)ချက်အား ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်၌ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ၂၄-၁-၂၀၁၈ ရက်နေ့မှာ ဖတ်ကြားခဲ့ ပါတယ်။ ၃၀-၁-၂၀၁၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်တွင် သဘောထားကွဲလွဲချက် (၃)ချက်အား တစ်ပိုဒ်ချင်းစီအတည်ပြုပြီး အဆုံးအဖြတ်ရယူကြောင်း အတည်ပြုကြေညာနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (ကြာသပတေးနေ့)မှာ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၄/၂၀၁၈)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီ အနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများအပေါ် ဆောင်ရွက်ခဲ့မှုများအား ဆက်လက်တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ မေးမြန်းလာသည့် (က) ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်၏ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းနှင့် (ခ) ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး၏ ကြယ်ပွင့်မပြမေးခွန်းအား ကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဟာ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်သည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများနှင့် လွှတ်တော်ကအခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြားတာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ

## အစီရင်ခံစာအမှတ်စဉ် (၁/၂၀၁၈)

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှ ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်အထိ

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေ လ ၃၁ ရက်နေ့ အထိ ကော်မတီ၏ဆောင်ရွက်ချက်များအား နှစ်ပတ်လည်အစီရင်ခံစာအဖြစ်ပြုစုရေးသား၍ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းအပ်ပါသည်။

### ကော်မတီဖွဲ့စည်းခြင်း

၂။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က) နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး၏ ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (တနင်္လာနေ့)တွင် လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်- (ပူးတွဲ-က)

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ကွတ်ခိုင် မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပိုက်ကို | ပခုက္ကူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိုး | သရက်ချောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်သီ | လှိုင်လင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခွန်မောင်သောင်း | ပင်လောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ပ) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးလှမိုး | အောင်မြေသာစံ မဲဆန္ဒနယ် | အတွင်းရေးမှူး |

၃။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဝင်းတို့အား လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ (ပူးတွဲ-ခ) အမိန့်အမှတ်(၂/၂၀၁၇)ဖြင့် ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်တွင် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် အစား ဗိုလ်မှူးဇင်လင်းဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ (ပူးတွဲ-ဂ) အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၇)ဖြင့် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်တောက်ထွန်းအစား ဗိုလ်ချုပ်တင်ဆွေဝင်းဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ (ပူးတွဲ-ဃ)

၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်သည် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးထွန်းထွန်းဟိန်တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

၅။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၈ အရ လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ (ပူးတွဲ-င)

၆။ ယခုအချိန်တွင် လွှတ်တော်အခွင့်အရေးကော်မတီတွင် အောက်ဖော်ပြပါကော်မတီဝင် (၁၅)ဦးနှင့် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ထားသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် (၂)ဦးတို့ဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးထွန်းထွန်းဟိန် | နောင်ချို မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစောနိုင် | တောင်ဥက္ကလာပ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပိုက်ကို | ပခုက္ကူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိုး | သရက်ချောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင် မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးခင်မောင်သီ | လှိုင်လင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းဒွေးလင်း | ပုသိမ်ကြီး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်တင်ဆွေဝင်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးလှမိုး | အောင်မြေသာစံ မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (တ) | ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်း | တပ်မတော်သား | လေ့လာသူ |
| (ထ) | ဗိုလ်မှူးဇင်လင်း | တပ်မတော်သား | လေ့လာသူ |

**ကော်မတီ၏တာဝန်များ**

၇။ ကော်မတီသည်-

(က) မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်းစုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသောအချက်များကို အခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက်/မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံဖောက်ဖျက်ကြောင်း ကိုဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ(က)ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြ ပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြခြင်း၊

(ဂ) လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက လွှတ်တော်သို့ တင်ပြနိုင်ခြင်း။

၈။ ကော်မတီသည် လွှတ်တော်ကျင်းပစဉ်ရက်အတွင်း လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမည်။

**အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များ**

၉။ အစီရင်ခံသည့်ကာလအတွင်း လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ကြောင်း ကိစ္စရပ်များကို လွှတ်တော်သို့ တင်ပြရခြင်းများ မရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ရခြင်းလည်းမရှိပါ။

၁၀။ ကော်မတီသည် လွှတ်တော်အစည်းအဝေးကျင်းပသည့်ရက်တိုင်းတွင် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါသည်။

၁၁။ လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများတွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့် အချက်အလက်များကိုသုံးသပ်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီအသီးသီးထံမှသော်လည်းကောင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ထံမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံမှသော်လည်းကောင်း အကြံပြုချက်များကိုလည်း ရယူဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၂။ ကော်မတီသည် ပထမအကြိမ်အစီရင်ခံစာ၌ဖော်ပြထားသည့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံမှုနှင့် အကာအကွယ်ပေးရေးကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**အစည်းအဝေးများကျင်းပမှု**

၁၃။ လွှတ်တော်အခွင့်အရေးကော်မတီသည် ၉-၂-၂၀၁၇ ရက်မှ ယခုအစီရင်ခံစာ တင်သွင်းသည့်အချိန်အထိ ကော်မတီအစည်းအဝေးများကို (၁၂)ကြိမ် ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးများ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းပါရှိသည့် ဆောင်ရွက်ခွင့်ရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

၁၄။ ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်အများစု တင်ပြခဲ့သည့် အကြောင်းအရာများဖြစ်သည့် လွှတ်တော်အစည်းအဝေးကျင်းပမှုမှတ်တမ်းအား CD ဖြင့် ဖြန့်ဝေရာတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့်မေးခွန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားချက်များ၌ ပါဝင်သည့် Power Point Presentation များကိုပါထည့်သွင်းဖော်ပြရန် အကြံပြုခြင်း၊

လွှတ်တော်တွင်းနှင့် ပြင်ပတွင်လုံခြုံရေးကို ယခင်ထက်ပို၍ တင်းတင်းကြပ်ကြပ် ဆောင်ရွက်ရန်ကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ပေးခဲ့ပါသည်။

၁၅။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများနှင့် ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း စိစစ်ရာတွင် မိမိတို့ကော်မတီနှင့် ကော်မတီဝင်များကိုအခြေခံ၍ဖွဲ့စည်းထားသော စိစစ်ရေးပူးပေါင်းအဖွဲ့(၁၆)ဖြင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ တင်ပြချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍စိစစ်သုံးသပ်ပြီး တွေ့ရှိချက်များအား ပြည်ထောင်စုလွှတ်တော်၊ စီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစိစစ်ရေးပူးပေါင်းအဖွဲ့ထံ အစီရင်ခံစာတင်ပြခဲ့ပါသည်။

## အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု

၁၆။ ကော်မတီသည် Royal Naing Group of Co.,Ltd ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

## နိုင်ငံခြားသွားရောက်မှုမှတ်တမ်း

၁၇။ ပြည်ပလွှတ်တော်များ၏ဖိတ်ကြားချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အောက်ဖော်ပြပါနိုင်ငံများသို့အသီးသီးသွားရောက်၍ လေ့လာဆောင်ရွက်ခဲ့ကြပါသည်-

(က) ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)နှင့် ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်) တို့သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၁၃ ရက်နေ့ထိ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးစဉ်ဖြင့် သွားရောက်လေ့လာခဲ့ကြပါသည်။

(ခ) ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်) သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဩစတေးလျနိုင်ငံ၏ ဖိတ်ကြားခြင်းအရ သွားရောက်လေ့လာ ခဲ့ပါသည်။

(ဂ) ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်မှ ၂၀ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပပြုလုပ်သည့် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ(AIPI) သို့ တက်ရောက်ခဲ့ပါသည်။

(ဃ) ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်) သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်မှ ၁၉ ရက်နေ့ထိ မွန်ဂိုလီးယားနိုင်ငံ၊ အူလန်ဘာတာမြို့တွင်ပြုလုပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းအဝေးသို့ သွားရောက်ခဲ့ပါသည်။

**ဥပဒေများအပေါ်တွင် ဆောင်ရွက်ထားရှိမှု**

၁၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆-၈-၂၀၁၆ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ မှတ်တမ်းတင်မှုအရ လွှတ်တော်အခွင့်အရေး ကော်မတီက စိစစ်ရမည့်ဥပဒေ (၃၉)ခုနှင့် ဆက်စပ်ဥပဒေ (၁၀)ခု၊ စုစုပေါင်း (၄၉)ခု ရှိပါသည်။ စိစစ်ရမည့်ဥပဒေများအပေါ် ခေတ်နှင့်လျော်ညီစွာပြင်ဆင်နိုင်ရန် ကော်မတီဝင်များပူးပေါင်း၍ စိစစ်လေ့လာဆောင်ရွက်နေပါသည်။

၁၉။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းအား ကော်မတီတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး လွှတ်တော်သို့ တင်သွင်းနိုင်ရန်အတွက် ၂၂-၅-၂၀၁၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေနှင့် အညီ ပေးပို့ခဲ့ပါသည်။

၂၀။ ကော်မတီသည် ၂၇-၇-၂၀၁၇ ရက်တွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားကာ ဆွေးနွေး လိုသည့် ကိုယ်စားလှယ်များအား ၃၁-၇-၂၀၁၇ ရက် ညနေ ၄:၀၀ အချိန် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ပါသည်။

၂၁။ ၂၂-၈-၂၀၁၇ ရက်တွင် ပြည်သူ့လွှတ်တော်၌ တစ်ပိုဒ်ခြင်းဆွေးနွေး၍ အတည်ပြုခဲ့ပါသည်။ ထို့အပြင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ (လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ)က Myanmar Parliament Union (MPU) အကြောင်းနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း ပေါ်ပေါက်လာပုံ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်တွင်း၌ ရှင်းလင်းတင်ပြခဲ့ပါသည်။

၂၂။ ၂၀-၁၁-၂၀၁၇ ရက်တွင် ပြည်သူ့လွှတ်တော်၌ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်(၈) ချက် ဖြင့် ပြန်လည်ပေးပို့ခဲ့သော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းအား ပြင်ဆင်လိုသူများ ရှိပါက ၂၂-၁၁-၂၀၁၈ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂၃။ ၁၅-၁-၂၀၁၈ ရက်တွင် အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့ခဲ့သော ပြင်ဆင်ချက်(၈)ချက် အား ဆွေးနွေးခဲ့ကြရာ ၃ ချက်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်သဘောထား ကွဲလွဲခဲ့၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၂၄။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၏ သဘောထားကွဲလွဲချက် (၃) ချက်အား ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်၌ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ၂၄-၁-၂၀၁၈ ရက်တွင် ဖတ်ကြားခဲ့ပါသည်။

၂၅။ ၃၀-၁-၂၀၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ သဘောထားကွဲလွဲချက် (၃)ချက်အား တစ်ပိုဒ်ချင်းစီ အတည်ပြုပြီး အဆုံးအဖြတ်ရယူ၍ အတည်ပြုကြောင်း ကြေညာခဲ့ပါသည်။

၂၆။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်၊ ကြာသပတေးနေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄/၂၀၁၈)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

**မေးခွန်းများအပေါ် ဆောင်ရွက်ထားရှိမှု**

၂၇။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ တင်သွင်းလာသည့် ကြယ်ပွင့်ပြ မေးခွန်းတစ်ခု၊ ကြယ်ပွင့်မပြမေးခွန်းတစ်ခုနှင့်ပတ်သက်ပြီး ကော်မတီ၏သဘောထားမှတ်ချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြ၍ ဖြေကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမေးခွန်းများမှာ-

(က) ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က မည်သည့်ကာလတွင် စတင်ကာ တာဝန်ယူဖွင့်လှစ်ပေးနိုင်မည်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများတွင် နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအား လွှတ်တော်ရုံးမှ ကျခံဆောင်ရွက်ပေးရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်းကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခြင်းအား ပြန်လည်ဖြေကြားခဲ့ပါသည်။

(ခ) ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးက လွှတ်တော်ကိုယ်စားလှယ်များအတွက် အကူဝန်ထမ်းတစ်ဦးအား ဦးစီးအရာရှိ လစာနှုန်းထားနှင့်တကွ ခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်ရပ်နားချိန် သက်ဆိုင်ရာ မိမိတို့မဲဆန္ဒနယ်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးစရိတ် ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်မပြ မေးခွန်းအားလည်း ပြန်လည်ဖြေကြားပေးခဲ့ပြီး ဖြစ်ပါသည်။

**နိဂုံး**

၂၈။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်း တာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊လွှတ်တော်ကော်မတီများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်လျက်ရှိပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏အခွင့်အရေး ဆိုင်ရာကိစ္စများနှင့် လွှတ်တော်ကအခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြားတာဝန်များ ကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၃-၉-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး

ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၃၁.၈.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Thar Oo


U Min Thein

pyithu.hluttaw.mm


U Thar Oo


Dr Saw Naing

pyithu.hluttaw.mm


U Thar Oo


U Oo Tun Maung

pyithu.hluttaw.mm


U Tun Tun


U Maung Maung Win

pyithu.hluttaw.mm


U Kyin Wann


U Maung Maung Win

pyithu.hluttaw.mm


U Tin Nu


U Maung Maung Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်